


# သမက်

လင်းယုန်မောင်မောင်

မြန်မာပြန်

ဒုတိယအကြိမ်

mgyoe.com

# သမက်

# လင်းယုန်ပျော်ပျောင်

မြန်မာပြန်

ISBN9789997110343
LYM19
9 789997 110343
2,200.00KS

mgyoe.com

mgyoe.com

သမက်၊ လင်းယုန်မောင်မောင်

မျက်နှာဖုံးမှာ ပထမအကြိမ်ထုတ်အဖုံးလက်ရာကို အခြေခံဆန်းသစ်ထားသည်။
စာမျက်နှာ ၂၁၀ မျက်နှာ၊ ၁၆ စင်တီ× ၁၇·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
ဒဂုန်ပုံနှိပ်တိုက်မှ ရိုက်နှိပ်ပြီး မြို့မစာနယ်ဇင်းမှ ဖြန့်ချိသည့် ပထမအကြိမ်မူ။

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪

# သမက်

လင်းယုန်မောင်မောင်
မြန်မာပြန်

ဆရာလင်းယုန်မောင်မောင်၏
အစောပိုင်း ဘာသာပြန်လက်ရာ တစ်ပုဒ်ဖြစ်ပြီး
ဆိုဗီယက်ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟုသာ သိရကာ
မူရင်းဝတ္ထုအမည်နှင့် စာရေးဆရာကိုလည်းကောင်း၊
ပြန်ဆိုထုတ်ဝေခဲ့သော ရက်စွဲကိုလည်းကောင်း
မိသားစုမှ ပေးသည့် ယခုရရှိမှုတွင် ရှာမတွေ့ပါ။

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သမက်

နှင်းပွင့်နှင်းခဲများသည် တစ်စတစ်စ အရည်ပျော်၍ စီးဆင်းနေခဲ့သည်မှာ ရက်သတ္တပတ်မျှပင် ရှိခဲ့ပေပြီ။ ယခုဆိုလျှင် မြေပြင်ပေါ်မှ အတော်အတန် အမာခံအရာဝတ္ထုကလေးများကို ရွေ့လျားသွားသည်အထိ သိသာနိုင်သော လေပြင်းကလေးပင် တိုက်ခတ်စပြုလာပြီဖြစ်၏။ ညဥ့်၏ ပြန့်ပြောကျယ်မောလှသည့် ကောင်းကင်ပြင်ဝယ် ကြယ်ကလေးများသည် အေးအေးစက်စက်နှင့် တလက်လက်တောက်ပနေကြ၍ နှင်းခဲနှင်းပွင့်များသည်လည်း ဆာလောင်မွတ်သိပ်နေသည့် ဝံပုလွေတစ်ကောင်၏ မျက်လုံးအစုံကဲ့သို့ လရောင်အောက်တွင် အစိမ်းရောင်ကလေးများဖြင့် တဖိတ်ဖိတ် တောက်နေကြလေသည်။

အချိန်မှာ ညဥ့်သန်းခေါင်ကျော် ၂ ချက်တီးခန့်ရှိပြီဖြစ်၏။ တစ်ညတာအဖို့ လူခြေအတိတ်ဆုံးအချိန်ဖြစ်ရကား ရွာထဲတွင် သက်ရှိသတ္တဝါဟူ၍ မမြင်နိုင်မတွေ့နိုင်သော အကာလညအခါမျိုးဖြစ်၏။ ခွေးများပင်လျှင် တစ်နေရာရာ ချောင်ကောင်းရှာကာ ဝပ်နေကြပြီဖြစ်လျက် ကင်းစောင့်အဘိုးကြီးသည်လည်း အိမ်ပြန်၍ လက်ဖက်ရည်တစ်ခွက်သောက်၍သော်လည်းကောင်း သို့တည်းမဟုတ် မီးဖိုဘေးတွင် မျက်စိကို

mgyoe.com

mgyoe.com


မေးကာ ကွေး၍သော်လည်းကောင်း ရှိနေပေရော့မည်။ နှင်းခဲများဖုံးနေသည့် အိမ်ခေါင်မိုးမှာလည်း ငွေရောင်တောက်ကာ သစ်ပင်များမှာလည်း မည်းမှောင်နေသည့် ကောင်းကင်အလယ်တွင် အရည်ပျော်၍ စီးဆင်းနေသော စမ်းချောင်းတစ်ခု၏ လှိုင်းတွန့်များနှင့် သဏ္ဌာန်တူနေပေသည်။

သို့ရာတွင် အိမ်တစ်ဆောင်၏ ပြတင်းပေါက်များအားလုံးသည် အလင်းရောင်များဖြင့် ဝင်းလက်နေသည်ကို တွေ့ရ၍ အိမ်တွင်းမှ လှုပ်ရှားနေသောသဏ္ဌာန်များ အရိပ်များကိုလည်း ထိုပြတင်းပေါက် မီးရောင်များမှ တစ်ဆင့် မြင်တွေ့နေရပေသည်။ ထို့ပြင် အိမ်တွင်းမှ မြူးထူးအော်ဟစ်နေကြသော အသံများသည်လည်း မှန်နှစ်ထပ်တပ်ထားသည့် ပြတင်းပေါက်များကို ဖောက်ထွင်း၍ အပြင်သို့ ပေါ်ထွက်လာသည်ကို အတိုင်းသားကြားနေရသည်။

ထိုအခိုက် တံခါးတစ်ခုသည် ဖြန်းခနဲပွင့်လာ၍ အဘိုးကြီးတစ်ယောက်သည် ဆင်ဝင်အောက်သို့ ရုတ်တရက် ထွက်လာလေသည်။ အဘိုးကြီးသည် လှေကားတစ်ဖက်မှ တိုင်များကို အားပြုရင်း အောက်သို့ ဒယိမ်းဒယိုင်နှင့် ဆင်းလာပြီးနောက် လှေကားရင်းအရောက်တွင် လမ်းဘေး၌ ကိုးရိုးကားရားနှင့် ရပ်နေလေသည်။ ပြီးမှ သံပြာဆိုးကြီးနှင့် "ကျုပ်တို့မှာဗျာ ရွှေပဒေသာ မြေမှာပေါက်ပါလိမ့်" ဟူ၍ သီချင်းတစ်ပုဒ်ကို အော်ဆိုနေလေ၏။ ထို့နောက် တစ်ဖန် ပတ်ဝန်းကျင်မှ တိတ်ဆိတ်ငြိမ်သက်နေသည်ကို သတိပြုမိကာ ချောက်ချားသွားဟန်နှင့် သီချင်းတစ်ပိုင်းတစ်စနှင့်ပင် ယိမ်းထိုးနေရာမှ နောက်သို့လှည့်ကာ ဆင်ဝင်ဘက်ဆီသို့ ပြန်ကြည့်နေလေသည်။ သံစည်ပိုင်းတစ်ခုအောက်သို့ လိမ့်ကျသွားရာမှ ပေါ်ထွက်လာသောအသံများကို စကြံဘက်ဆီမှ ဆူဆူညံညံ ကြားလိုက်ရပြီးနောက် မရှေးမနှောင်းပင် ထိုအိမ်ရှေ့မှ တံခါးသည် ဖြန်းခနဲပွင့်လာ၍ မီးရောင်အောက်တွင် လူများ ဝေါခနဲ ပြုထွက်လာကြသည်ကို

mgyoe.com

mgyoe.com


တွေ့လိုက်ရပေသည်။ တစ်ဆက်တည်းတွင် ခြောက်သွေ့နေသော နှင်းခဲများပေါ်သို့ လူအများခြေနင်းသံကို တကျွိကျွိနှင့် ကြားရလေတော့သည်။

"ဘကြီး... အစ်ဂနက်၊ ဗျို့... ဘကြီး ဘယ်ရောက်နေသလဲ"

"ဟော့ အော်ဟစ်မနေနဲ့ကွ၊ သူက မင်းထက်တောင် ဟန်နိုင်ပါသေးတယ်။ သူ့အတွက်တော့ ရေချိန်ကိုက်ရုံပဲကွ"

"အိုင်ဗင်နိုဗ်နာတို့အိမ်က အရက်ကတော့ အတော်နိပ်တယ်ဆရာ"

"ဒါတော့ မင်းက ရေချိန်ကိုက်အောင် ချလာတဲ့အကောင်ဆိုတော့ သိမှာပေါ့ကွ"

ခပ်လေးလေးနှင့် ဆူညံသောအသံများသည် ည၏ တိတ်ဆိတ်ခြင်း၊ ချောက်ချားခြင်းများကို ဖြိုခွင်းပေါ်ထွက်လာလေသည်။

ထိုအခိုက် နှင်းကာကုတ်အင်္ကျီကြီးတစ်ထည်ကို နှစ်ယောက်သားအတူတကွ ပူးကပ်၍ ခြုံထားကြသော လုလင်ပျိုတစ်ယောက်နှင့် လုံမပျိုတစ်ယောက်တို့သည် ဆင်ဝင်အထက်ရှိ ဝရန်တာတွင် ထွက်ပေါ်လာ၍ ပြန်သွားကြသော ဧည့်သည်များအား လှမ်းကြည့်နေကြသည်ကို တွေ့ရသည်။

"အဘိုးကြီးကို အိမ်ရောက်အောင် ကြည့်ခေါ်သွားကြပါဗျာ" ဟု လုလင်ပျိုက ဝရန်တာပေါ်မှ လှမ်းပြောလိုက်၏။

"တော်တော်ကြာ နှင်းတောထဲမှာ ခွေလဲပြီး အိပ်ပျော်နေပါဦးမယ်။ ဖြစ်နိုင်ရင် မပြန်ဘဲ ဒီမှာတောင် အိပ်ဖို့ကောင်းတယ်" ဟု ဆက်ပြောလိုက်ရာ...

"ဘာလဲဟေ့ ငါ့ကိုပြောနေတာလား။ ငါ ဒီလိုအစားထဲက မဟုတ်ဘူးကွ။ ငါဟာ ကိုယ့်ကိုယ်ကိုယ်ထိန်းနိုင်တဲ့အကောင်ကွ နားလည်လား"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်။ ကဲပါ... လာပါ ဘကြီး။

mgyoe.com

mgyoe.com


ကဲ... ကဲ ပြန်ပြီဗျို့။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပြီး ကျန်းမာချမ်းသာကြပါစေဗျာ"

"ပုခက်ထဲမှာ ကလေးမပြုတ်အောင် ကြိုးစားပြီးမွေးကြပေ့"

သွေ့ခြောက်သော နှင်းခဲများပေါ်မှ တကျွိကျွိမြည်သော ခြေနင်းသံများသည် တစ်စတစ်စ ဝေး၍ ပျောက်ကွယ်သွားလေသည်။

"ကျုပ်တို့မှာဗျာ ရွှေပဒေသာ မြေမှာ..." ဟူသော အဘိုးကြီး၏ အက်ကွဲနေသော သီချင်းသံသည်လည်း တဖြည်းဖြည်းဝေးသွားရာမှ လုံးဝ မကြားရတော့ဘဲ အစပျောက်သွားခဲ့ပေပြီ။ သို့နှင့်ပင် တိတ်ဆိတ်ခြင်းနှင့် လှပခြင်းတို့သည် ရွာကလေးပေါ်တွင် တစ်ဖန်ပြန်၍ မင်းမူလွှမ်းမိုးခဲ့ပြန်၏။

"အင်း... စတက်ရှာ ဒီလို ဒီလိုနဲ့ပဲ မောင်တို့ရဲ့ဘဝဟာ ဒီးခချိန်ကစပြီး အစပျိုးလာခဲ့ပြီနော်" ဟု လုလင်ပျိုက ညင်သာသောလေသံဖြင့် ခပ်တိုးတိုးကလေး ပြောလိုက်သည်။ လုံမပျိုကလေးကမူ ခွန်းတုံ့ပြန်ခြင်းမပြုဘဲ အအေးဓာတ်ကြောင့် ခိုက်ခိုက်တုန်နေသော သူမ၏ ခန္ဓာကိုယ်ကလေးကိုသာ ကုတ်အင်္ကျီအတွင်းမှ လုလင်ပျိုနှင့် ပို၍ အသားချင်းထိအောင် တိုးဖွေ့ပူးကပ်နေရှာလေသည်။

လက်ထပ်မင်္ဂလာပွဲမှာ ပရိသတ်နည်းနည်းနှင့် အေးအေးဆေးဆေးပင် ပြုလုပ်ခဲ့ခြင်းဖြစ်ရာ အခြားမင်္ဂလာပွဲများကဲ့သို့ ညလုံးပေါက် ဆင်နွှဲကခုန်မနေကြဘဲ စောစောစီးစီးပင် ရပ်သိမ်း၍ လူစုခွဲခဲ့ကြလေသည်။

▢

mgyoe.com

mgyoe.com

# (၂)

ဖယိုဒေါ်ဆိုလိုဗေကော့ဗ်သည် လယ်ထွန်စက်မောင်းသမားများ အဖွဲ့၏ ခေါင်းဆောင်တစ်ယောက်ဖြစ်၍ ပျော်ပျော်ရွှင်ရွှင်နှင့် ပြုံးပြုံး ရယ်ရယ်နေတတ်ပြီး စိတ်ကောင်းသဘောကောင်းရှိသူ လူငယ်တစ်ဦးပင် ဖြစ်၏။ လယ်ထွန်စက်မောင်းသော အလုပ်များလုပ်၍ ပြီးစီးသည့်အခါ မျိုးတွင် သူသည် ကရန်သော်လည်းကောင်း၊ အားကောင်းသော ဒရိုင်ဘာ တစ်ယောက်ယောက်နှင့် လက်လှဲကာ အားစမ်းရန်သော်လည်းကောင်း အမြဲတမ်း အသင့်ရှိနေသူဖြစ်၏။ အရပ်ရှည်ရှည် သွက်လက်ပေါ့ပါးသူ တစ်ယောက်ဖြစ်ပြီး ဆံပင်များမှာ လှိုင်းတွန့်ကလေးများပမာ မသိမသာ ကောက်နေလေသည်။ ဖယိုဒေါသည် အကကောင်းသူ၊ လက်လှဲတော်သူ တစ်ယောက်ဖြစ်ရာ မိန်းကလေးများအကြားတွင် ထင်ရှားသူတစ်ယောက် ဖြစ်လေသည်။

ဂါလီနာဇလိုဘီနာသည် ဖယိုဒေါတို့ လယ်ထွန်စက်အဖွဲ့က စက် မောင်းနေကြရသော ကရွန်ဆိုပို့ရွာမှ ကျေးရွာဆိုဗီယက်အဖွဲ့၏ အတွင်း ရေးမှူးဖြစ်၏။ မျက်နှာခပ်ဝိုင်းဝိုင်းရှိသော ကျောင်းဆရာမဖြစ်သူ ဗိုယာအလက္ကဇင်ရော့ဗ်နာနှင့် သူမတို့ နှစ်ယောက်သား စ၍ တွေ့ကြစဉ်

mgyoe.com

mgyoe.com


ကဆိုလျှင် တစ်ယောက်နှင့်တစ်ယောက် ဘာသိဘာသာ အမှတ်မထင် ခပ်တန်းတန်းပင် နေခဲ့ကြပေသည်။

"ကောင်မကိုက မထုံတက်တေးနဲ့ အလိုက်ကန်းဆိုးသိတတ်မယ့် အစားထဲ၊ ဟုတ်ဟန်မတူပါဘူး" ဟု ဂါလီနာက ဇိုယာကို ထင်လိုက် သလို ဇိုယာကလည်း "သွားပုံလာပုံကိုက ကြာဆန်ဆန်နဲ့ ယောကျ်ားတွေ မျက်စိကျအောင် အမြဲတမ်းအမဲဖမ်းနေတာ ဒီဂိုက်မျိုးပေါ့" ဟူ၍ ဂါလီနာ အပေါ်တွင် မှတ်ချက်ချကာ ယူဆထားခဲ့လေသည်။ နှစ်ယောက်စလုံး ကပင် တစ်ယောက်ကိုတစ်ယောက် မကောင်းထင်နေခဲ့ကြ၏။ သို့သော် သူတို့နှစ်ယောက်၏အဖြစ်ကို မသိရှာသော ဖယိုဒေါသည် တစ်ညနေ ခင်းတွင် ဇိုယာအား သူမ၏နေအိမ်မှ စာသင်ကျောင်းသို့ ထင်းရှူးတော အုပ်ကလေးကိုဖြတ်ကာ လိုက်ပို့ခဲ့သည့်နည်းတူ နောက်တစ်နေ့ညနေ ခင်းတွင် တစ်ဖန် ဂါလီနာအား ရွာငယ်တစ်ဖက်အစွန်ရှိ တဆေးပင် များ ဖုံးအုပ်နေသည့် သူမ၏နေအိမ်သို့ လိုက်ပို့ခဲ့မိလေသည်။ သို့ရာ တွင် သူတို့နှစ်ယောက်တွေ့ကြရာ၌ တစ်ယောက်အကြောင်းကို တစ် ယောက်မပြောဘဲ ဖုံးအုပ်ကွယ်ထားကြပြီး လယ်ထွန်စက်အလုပ်ဌာနသို့ နောက်ထပ် အသစ်ရောက်လာသည်ဆိုသော မိန်းကလေးတစ်ယောက် အကြောင်းကိုသာ ပြောကြလေသည်။ ထိုမိန်းကလေးမှာ စိုက်ပျိုးရေး သင်တန်းမှ ဆင်းလာသူတစ်ဦးဖြစ်ပြီး ဖယိုဒေါအလုပ်ဆင်းမည့်နေ့ဆို လျှင် ဆင်းလာသူတစ်ဦးဖြစ်ပြီး သူမသည် စမတ်ကျကျနှင့် ကော်လာ ခပ်မြင့်မြင့်တပ်ထားသော အင်္ကျီကိုဝတ်ကာ ဖယိုဒေါနှင့်တွေ့တွေ့ချင်း "ဒီမယ် ဖယိုဒေါ ရှင်ဟာလေ တကယ်အစွမ်းအစရှိတဲ့ လူတစ်ယောက် ပါပဲ။ ဒါနဲ့များ ဘာဖြစ်လို့ ဆက်ပြီး မကြိုးစားသလဲ။ လာပါရှင့် ဒီနေ့ ကလပ်ကိုသွားပြီး အစမ်းကချေရအောင်နော် ဟုတ်လား" ဟု အမြဲ ပြောလေ့ရှိသည်ဟု ဆိုလေသည်။

mgyoe.com

mgyoe.com


ဤအခါမျိုးတွင် ဖယိုဒေါကိုယ်တိုင်ကလည်း ကိုယ့်ပညာအစွမ်းအတွက် ကိုယ့်ကိုယ်ကိုယ်ပြန်၍ အားရကျေနပ်ကာ ကလပ်သို့ ပါသွားတတ်ပြီး ဂျစ်ပစီအကတစ်မျိုးကို အစမ်းကလေ့ရှိသည်ဟုဆို၏။ အကယ်၍ ကလပ်တွင် အစမ်းကရန်မဖြစ်သည့်အခါမျိုးတွင် သူသည် ရုပ်ရှင်သို့သွားရန် အဆင်သင့်ရှိနေသည်ဟု ဆိုလေသည်။

နောက်ဆုံး၌ကား လော်ရီကားမောင်းသော ဒရိုင်ဘာဗာ့စ်ယာ၏ အပြောမျိုးနှင့် ပြောရမည်ဆိုပါက ဖယိုဒေါသည် 'ဝင်ရိုးပါ လည်သည်အထိ ကောက်ကောက်ပါအောင် လိုက်သွားသောဟူ၏'

ဆောင်းရာသီ၏ ပထမဆုံး ဆီးနှင်းစ၍ကျသည့်အချိန်တွင် ကရွန်ဆိုဗိုရွာ၌ အမြဲတစေ နှစ်စဉ်နှစ်တိုင်း 'စပါးနယ်သောပွဲတော်' ကျင်းပပြုလုပ်လေ့ရှိ၏။ ဤပွဲတော်မှာ ရှေးယခင် ဘိုးစဉ်ဘောင်ဆက်လက်ထက်ကတည်းက ကျင်းပလာခဲ့ကြသော ပွဲတော်တစ်ခုပင် ဖြစ်သော်လည်း ပွဲတော်ကျင်းပပုံ အခမ်းအနားအစီအစဉ်မှာ ခေတ်နှင့်လိုက်အောင် ပြုပြင်လာခဲ့ကြပေသည်။ ပွဲတော်ရက်များအတွင်း၌ ကလပ်တွင် ဟောပြောပွဲများနှင့် ကုလားထိုင်များကို ခန်းမဆောင်၏ ဘေးတစ်ဖက်တွင် စီတန်း၍ ချထားပြီး စားပွဲများကို အကျအနခင်းကျင်းကာ စားကြသောက်ကြ ကခုန်ကြသည်မှာ အချို့ လူငယ်ကာလသားဖျော်မှာ မိုးထိန်ထိန်လင်းသည် အထိ ပျော်၍မဆုံး က၍မပြီးနိုင်အောင် ရှိကြပေသည်။

အဆိုပါပွဲတော်သို့ ရွာနီးချုပ်စပ်များမှသာလျှင်မဟုတ်ဘဲ မိုင်ပေါင်းအတော်ဝေးကွာသော ရွာကြီးရွာကလေးများမှ ယောကျာ်းကလေးများနှင့် မိန်းကလေးများပင် လာရောက်ဆင်နွှဲကခုန်ကြသည်ကို တွေ့ရ၏။ ပွဲတော်မှာ အစစအရာရာ ခမ်းနားသိုက်မြိုက်စွာနှင့်ပင် စတင်၍ ဆူဆူညံညံ ပျော်ပျော်ပါးပါးနှင့်ပင် ပြီးဆုံးလေ့ရှိသည်။ ခန်းမဆောင်အတွင်းမှ ရေဒီယိုတင်သော စင်ကလေးကို အခန်းထောင့်တစ်နေရာသို့

mgyoe.com

mgyoe.com


ရွှေ့ပြောင်းပြီးနောက် ပက်တယာဆိုသူက သူ၏ လက်ဆွဲဘာဂျာကြီးကို စ၍တီးလိုက်ရာ ခဏအကြာတွင် ပြတင်းပေါက်မှန်ပေါင်များမှာ စီးချက်ညီညီနှင့် ကခုန်ကြသူများ၏ ခြေထောက်ဆောင့်သံများနှင့် ပွဲတင်ထပ်၍ နေတော့သည်။ ဖယိုဒေါမှာမူ ပရိသတ်က အတန်တန် ဝိုင်း၍ ပွဲတောင်းလွန်းမက တောင်းကြမှသာ အနည်းအကျဉ်း ဝင်ကလေ့ရှိပေသည်။ သို့ရာတွင် ဝင်ကပြီဆိုလျှင်လည်း ပရိသတ်များ၏ ပါးစပ်ဖျားတွင် ရက်ပေါင်းအတော်ကြာကြာ ပြောစမှတ်ဖြစ်၍ ကျန်ရစ်အောင် ထူးထူးခြားခြား ကသွားတတ်ပေသည်။

ယခုနှစ်ပွဲတော်ကို နှစ်တိုင်းကဲ့သို့ပင် ခမ်းနားသိုက်မြိုက်စွာ စတင်ဖွင့်လှစ်ကျင်းပခဲ့ကြလေသည်။ ဗာ့စ်ယာမှလွဲ၍ မည်သူနှင့်မျှ သိကျွမ်းခြင်းမရှိသော ဆူကိုဗလီနိုဗိုရွာမှ လယ်ထွန်စက်မောင်းသမား ချီဇော့ဗ်ဆိုသူသည် ကပွဲခန်းမဆောင်ထဲသို့ ဝင်လာသည်ကို တွေ့ရသည် ဆူကိုဗလီနိုဗိုရွာမှာ ကေဂိုရိုဒစ်ရှ်ချေးခရိုင်အတွင်းရှိ ချူခနာမြစ်၏ တစ်ဖက်ကမ်းမှ ရွာကလေးတစ်ရွာဖြစ်၏။ ချီဇော့ဗ်နှင့်အတူ မိန်းမပျိုတစ်ယောက်ပါလာလေသည်။ သူမသည် အပြာရောင်ပိုးအင်္ကျီကို ဝတ်ဆင်ထား၍ လှပချောမွေ့သူကလေးပင်ဖြစ်၏။ မေးခပ်သွယ်သွယ် ရင်သားမို့မို့နှင့် သူမ၏ ဟန်အမူအရာမှာ နွမ်းလျသောအသွင်များ ပေါ်နေပေသည်။ မည်သို့ပင်ဖြစ်စေ ရင်အုပ်ထွားထွား မေးရိုးကားကား ခေါင်းကြီးကြီး ပုကွကွ ဂင်တိုတိုနှင့် ကိုးရိုးကားရားနိုင်လှသော ချီဇော့ဗ်နှင့် ယှဉ်လိုက်လျှင် သူမသည် သူနှင့်မလိုက်အောင်ပင် လှနေသည်ဟု ထင်ရသည်။ ယခုတစ်ကြိမ်တွင် ဖယိုဒေါသည် ခါတိုင်းလောက် တိုက်တွန်းမနေရဘဲ ဝင်၍ကလေသည်။ သူသည် ဝိုင်းကြီးပတ်ပတ်ကနေသော လူများ၏ အလယ်သို့ ဝင်လိုက်ပြီး ရုရှားအကတစ်မျိုးကို စတင်၍ကလေသည်။ ဆောင့်ကြောင့်ထိုင်ရာမှ ရုတ်တရက် ခုန်၍လည်းကောင်း၊ လေချွန်ရင်းက

mgyoe.com

mgyoe.com


ဖနောင့်နှင့် ကြမ်းပြင်ကို စီးချက်ကျကျ ဆောင့်၍ဆောင့်၍လည်းကောင်း၊ ကနေရာမှ ဖယိုဒေါသည် အပြီးသတ်တွင် ဖနောင့်တစ်ချက် ပေါက်လိုက်ပြီးနောက် ခပ်စောစောက အမည်မသိ မိန်းမပျိုကလေး၏ရှေ့တွင် မျက်နှာချင်းဆိုင်၍ ရပ်ကာ သူနှင့်အတူ တွဲကပါရန် ဖိတ်ခေါ်လိုက်လေသည်။ သို့နှင့်ပင် သူတို့နှစ်ယောက် တွဲ၍ ကကြရာတွင် အကမှာ ညက်ညောသလောက် သိမ်သိမ်မွေ့မွေ့ရှိလှပေရာ သူမ၏ကျောပေါ်သို့ တွဲရရွဲကျနေသော ကျစ်ဆံမြီးကျစ်ထားသည့် ဆံပင်မှာ တစ်ခါမှ ကြမ်းကြမ်းတမ်းတမ်း လှုပ်ယမ်းခြင်းမရှိဘဲ ကြည့်၍ မငြီးနိုင်အောင် ရှိလှပေသည်။ သူမသည် တစ်ပတ်မျှ ဝိုင်း၍ သူနှင့်အတူ တွဲကပြီးနောက် ခပ်စောစောက သူမ၏နေရာဖြစ်သော ချီဖော့ဗ်၏နံဘေးတွင် ဝင်၍ ရပ်နေလိုက်လေသည်။

အားလုံးစုပြုံ၍ ကြိုက်သလို တွဲကရသောအချိန်သို့ ရောက်သောအခါ ဖယိုဒေါသည် ပိုးအင်္ကျီပြာနှင့် မိန်းမပျိုကလေးထံသို့ တန်းတန်းမတ်မတ်သွား၍ သူမနှင့် ဒုတိယအကြိမ် တွဲကပြန်သည်။

သူသည် သူမနှင့်တွဲ၍ကရင်း သူမ၏လှပသော ပြာလဲ့လဲ့မျက်လုံးကြီးများကိုလည်းကောင်း၊ ရှည်လျားလှသော မျက်တောင်ကော့ရရော့များကိုလည်းကောင်း၊ နှင်းတောကို ဖြတ်သန်းလာခဲ့ရသဖြင့် ယခုတိုင် ရဲရဲနီနေသော ပါးအိုကလေးများကိုလည်းကောင်း သတိပြု၍ တစ်ခုစီတစ်ခုစီ ကြည့်နေမိသည်။ ဟနေသော အင်္ကျီကော်လာများကြောင့် သူမ ကြော့ရှင်းသော လည်တိုင်ကလေးနှင့် ဖြူဖွေးနေသည့် ပခုံးသားကလေးများကိုပင် မြင်နေရလေသည်။ သို့ရာတွင် ဖယိုဒေါသည် သူနှင့်အဆိုပါ မိန်းမပျိုလေးတို့ နှစ်ယောက်သား တွဲကနေချိန်၌ အနံ့အသက်ဆိုးဝါးပြင်းထန်လှသည့် ဆေးရွက်ကြီးအနံ့တစ်ခုသည် သူတို့နောက်နားဆီမှ တစ်ချိန်လုံး လိုက်၍ ပေါ်ထွက်နေသည်ကို သတိပြုမိပေသည်။

mgyoe.com

mgyoe.com


"မင်းတို့ ဆူကိုဗလီနီဗိုရွာက လူငယ်တွေဟာ ဒီလိုပဲလား" ဟု သူက ချီဇော့ဗ်ရှိရာဘက်သို့ မသိမသာ ခေါင်းငဲ့ပြရင်း သူမကို ကျီစားဟန်နှင့် ခပ်တိုးတိုးမေးလိုက်ရာ သူမက နားမလည်ဟန်နှင့်...

"ရှင်က ဘာကိုဆိုလိုတာလဲ"

"တကယ်ဆိုတော့ မင်းတို့ရွာက မိန်းကလေးတွေဟာ ထမင်းဝဝ မစားရသလို ပိန်ပိန်ပါးပါးတွေချည့်ပဲဟာ၊ ကိုယ်တို့ ကရွန်ဆိုဗိုမှာ ဒီထက် သာတာကို သူ ရှာဖို့ကောင်းတယ်"

သူမ၏မျက်လုံးများသည် ပြူးပြူးကလေးဖြစ်သွားရာမှ ရုတ်တရက် မျက်လွှာကို အသာချ၍ မျက်စိကို မှိတ်ထားလိုက်လေသည်။

"ရှင်ကလည်း အခုတွဲကနေတာ ဒီအဓိပ္ပာယ်နဲ့ပေါ့လေ ဟုတ်လား"

"ဟုတ်တာပေါ့"

က၍ပြီးသွားသောအခါ သူမသည် ချီဇော့ဗ်ရှိရာသို့ ပြန်မသွားတော့ဘဲ ဖယိုဒေါ၏ နံဘေးမှာပင် အမှတ်မထင် ယှဉ်၍ ရပ်နေလိုက်သည်။ သူမသည် ကိုယ့်ကိုယ်ကိုယ် အမှန်မပြောနိုင်ဘဲ ဖယိုဒေါ၏ဘေးတွင် ခပ်အေးအေး ခပ်ပေါ့ပေါ့ပင် ရပ်နေမိသည်ဟု ထင်ရသော်လည်း ဖယိုဒေါအဖို့ရာ၌ သူ့နံဘေးတွင် သူမကလာ၍ ယှဉ်ရပ်နေသည်ကို သာယာနှစ်သိမ့်နေကြောင်း သူမ ကောင်းကောင်းကြီး ရိပ်စားမိပေသည်။ အမှန်စစ်စစ် သူမထင်သည်မှာလည်း မလွဲပေ။ အဘယ်ကြောင့်ဆိုသော် ထိုနေ့က တစ်ညနေခင်းလုံး ဖယိုဒေါသည် သူမနှင့်မခွာဘဲ တပူးပူး တတွဲတွဲလုပ်နေပေသည်။

ချီဇော့ဗ်သည် ထောင့်တစ်ထောင့်တစ်နေရာမှ သူတို့နှစ်ယောက်ကို စိုက်၍ကြည့်နေလေသည်။ စင်စစ် ဖယိုဒေါအား မည်သို့မျှ မနာလိုစရာ မရှိ။ သူမက သူ့အား ရွေးချယ်၍တွဲကသည်မှာ သူမအဆိုးဟု မဆိုနိုင်ပေ။

mgyoe.com

mgyoe.com


နှင်းပွင့်နှင်းလွှာချပ်များသည် သူမ၏ နူးညံ့လှသော ခြုံထည်ကလေးပေါ်သို့လည်းကောင်း၊ သိုးမွေးအင်္ကျီဝတ်ထားသော ပခုံးနှစ်ဖက်ပေါ်သို့လည်းကောင်း တဖွားဖွား ကျရောက်လျက်ရှိပေသည်။ ဖယိုဒေါသည် သူမ၏ လက်မောင်းတစ်ဖက်ကို ခပ်တင်းတင်းကလေး ဆုပ်ကိုင်လာခဲ့၏။ သူမ၏အိမ်မှာ အတန်ငယ်ကွာဝေး၍ သူတို့နှစ်ယောက်သည် စကားမပြောဘဲ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့ကြသည်။ ထိုသို့နှစ်ယောက်သား စကားမပြောဘဲ ငြိမ်ချက်သားကောင်းလာကြခြင်းမှာ သူမအဖို့ တစ်စုံတစ်ခု အဓိပ္ပာယ်ရှိနေသလို ထင်ရသည်။ ဖယိုဒေါမှာလည်း ခါတိုင်းနှင့်မတူဘဲ တစ်ခုခုကို ရှက်နေသလိုလို စိတ်ထဲတွင်ဖြစ်ပေါ်နေ၍ ယခင်က ပြောင်နေကျ နောက်နေကျ စကားလုံးများပင် အစရှာမတွေ့ဘဲ ရှိနေမိသည်။ သူတို့သွားနေသော လမ်းပေါ် ရေ့တည့်တည့်တွင် ခြေရာအနည်းအကျဉ်းမျှသာ မြင်တွေ့ရ၍ တဖွဲဖွဲကျဆင်းနေသော နှင်းပွင့်နှင်းလွှာများသည် သူတို့အား ဘေးပတ်ဝန်းကျင်မှ မမြင်ရအောင် ကာကွယ်ပေးသလို ဖြစ်နေပေသည်။ သူတို့နားထဲတွင် သူတို့ခြေသံကိုပင် မသဲမကွဲသာ ကြားနေရပေသည်။ မီးရောင်များ ထိန်လင်းနေသော ခန်းမဆောင်နှင့် တီးသံမှုတ်သံ သီချင်းဆိုသံ ရယ်မောသံများမှာ အိပ်မက်ပမာ နောက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်၏။ နှင်းခဲများဖုံးလွှမ်းနေသည့် လောက၏အလယ်တွင် သူတို့နှစ်ယောက်တည်းသာလျှင် ရှိသည်ဟု ထင်ရပေသည်။ သို့ရာတွင် ထိုသို့သော ပတ်ဝန်းကျင်ကြောင့် သူတို့သည် ချောက်ချားထိတ်လန့်သောစိတ်များ မဖြစ်ပေါ်မိကြ။ ကြည်နူးရွှင်လန်းချမ်းမြေ့သောသဘောကိုသာ ထိတွေ့မိကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်သည် အတူတကွ ရှိနေကြပြီဖြစ်ရာ အခြားဘာများသူတို့အဖို့ လိုအပ်နေပါသေးသနည်း။

ဖယိုဒေါသည် သူမကို သူမ၏ရွာအထိ လိုက်ပို့လေသည်။ သူတို့

mgyoe.com

mgyoe.com


နှစ်ယောက် နှုတ်ဆက်ကြပြီး ခွဲခွာကြတော့မည့်ဆဲဆဲတွင် ဖယိုဒေါသည် သူမ၏ကိုယ်လုံးကလေးကို အသာအယာ ဆွဲယူလိုက်ပြီးနောက် သူမ၏ ခိုက်ခိုက်တုန်နေသော ပါးကလေးတစ်ဖက်ကို မှောင်ထဲတွင် စမ်း၍ ညင်သာစွာ နမ်းလိုက်၏။ သည်တစ်ကြိမ်တွင်လည်း နှင်းငွေ့များဖြင့် ပျံ့သင်းနေသော လေထဲတွင် အောက်သိုးလှသည့် ဆေးရွက်ကြီးအနံ့တစ်မျိုးသည် တစ်နေရာရာမှ ပေါ်ထွက်လာသလို ဖယိုဒေါစိတ်ထဲတွင် ခံစားမိပြန်သည်။ သို့သော် ဖယိုဒေါသည် ဤဆေးရွက်ကြီးအနံ့အတွက် ယခုတစ်ကြိမ်တွင် စိတ်အနှောင့်အယှက်မဖြစ်မိပေ။ ဤအနံ့မှာ တောကျေးလက်များ၏ အိမ်တွင်းမှ နွေးထွေးသော ဓာတ်တစ်မျိုးကို ဆောင်ယူလာသည်ဟု မှတ်ယူလိုက်မိသည်။

ဂါလီနာနှင့် ဇိုယာတို့ နှစ်ယောက်သည် ယခုအခါ တစ်ယောက်နှင့်တစ်ယောက် ပြန်၍ သင့်မြတ်သွားကြပြီဖြစ်၏။ မသင့်မြတ်စရာအကြောင်းလည်း မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ဖယိုဒေါသည် သူငို့နှစ်ယောက်စလုံး ဘယ်သူ့ကိုမှ အိမ်သို့ လိုက်၍မပို့တော့သောကြောင့်ဖြစ်၏။ သို့သော် ဖယိုဒေါသည် တနင်္လာနေ့တိုင်း ၁၂ ကီလိုမီတာမျှဝေးသော ဆူကိုဗလီနိုဗိုရွာသို့ ခြေကျင်လမ်းလျှောက်ထွက်လေ့ရှိပေသည်။

ဂါလီနာနှင့်သော်လည်းကောင်း၊ ဇိုယာနှင့်သော်လည်းကောင်း၊ လယ်ထွန်စက်ဌာနမှ စိုက်ပျိုးရေးသင်တန်းဆင်းလာသည်ဆိုသော မိန်းမပျိုနှင့်သော်လည်းကောင်း သူတို့သုံးဦးနှင့် ဖယိုဒေါမှာ ထင်ရှားသာထင် မဝင်ဘူး ကျောင်းအမဆိုသကဲ့သို့ ဖြစ်ခဲ့ရပေသည်။

စတက်ရှာနှင့်မူ ဖယိုဒေါသည် မှန်မှန်ကြီးတွေ့နေပေသည်။ တွေ့တိုင်းလိုလို သူမသည် ဖယိုဒေါ၏လက်များကို သူမ၏ နူးညံ့နွေးထွေးနေသော လက်များနှင့် ဆုပ်ကိုင်၍ မျက်လွှာချထားသော မျက်တောင်ကော့

mgyoe.com

mgyoe.com


ကြီးများအောက်မှ မျက်လုံးအစုံတို့ဖြင့် အဓိပ္ပာယ်ပါလှသော အကြည့် တစ်မျိုးနှင့် ကြည့်ကာ "ရှင်လည်း ကျွန်မကို မခွဲနိုင်မခွာရက် ဖြစ်နေပြီ ပေါ့လေ ဟုတ်လား။ ကျွန်မသိပါတယ်မောင်ရယ်။ ကျွန်မနဲ့တွေ့ရင် ပျော်နေတာကို ကျွန်မ ရိပ်မိပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း ပျော်မိ တာ အမှန်ပါပဲ။ ဒါကို ကျွန်မလည်း ဟန်ဆောင်ပြီး ဖုံးကွယ်မနေချင် ပါဘူး" ဟူ၍ပင် ပြန်ပြောနေသလို ထင်ရပေသည်။

တစ်နေ့တွင်မူ ဖယိုဒေါသည် သူ့မနှင့်ပတ်သက်၍ စိတ်ထဲတွင် ဖြစ်ပေါ်နေပုံကို သူငယ်ချင်းဖြစ်သူ ဗာ့စ်ယာအား အရိပ်အမြွက်လောက် ဖွင့်ပြောမိလေသည်။ "အဲဒီ စတက်ရှာဆိုတဲ့ မိန်းကလေးကတော့ တကယ်တော်ပါတယ်ကွာ။ ဒါပေမဲ့ သူ့မှာ ဘဝအတွေ့အကြုံရယ်လို့ သိပ်ရှိပုံမရပါဘူး။ ပြောစရာစကားရယ်လို့ သူ့မှာ ဘယ်တော့မှ မရှိ သလောက်ဘဲကွ" သူသည် ဤမျှလောက်ပြောပြီး သူပြောမိသမျှအတွက် စိတ်မကောင်းဖြစ်နေမိပြန်သည်။ သူပြောလိုက်သည့် စကားများထဲတွင် စတက်ရှာအား ထိခိုက်နစ်နာစရာများ ပါသွားလေသလားဟု စိုးရိမ်ကာ သူ့ကိုယ်သူ ရှက်၍မဆုံး ဖြစ်ရပြန်သည်။ တစ်ခုဆန်းကြယ်သည်မှာ သူ၏ နှလုံးသားသည် နာကျင်ခြင်းမရှိ သူ၏ သွေးသားများမှာလည်း မည်သို့မျှ ထိခိုက်ခြင်းမရှိဘဲ အကောင်းပကတိပင်ဖြစ်၏။ သို့ရာတွင် သူသည် စတက်ရှာကို တစ်နေ့မမြင်ရလျှင် တစ်နေ့ မနေတတ် မထိုင် တတ် ဖြစ်နေမိလေသည်။ သူ့ကို တစ်စုံတစ်ခုသော အရာဝတ္ထုတစ်ခုခုက ညို့ငင်နေသကဲ့သို့ စတက်ရှာရှိရာသို့လည်းကောင်း၊ သူမ၏ နွေးထွေး သော လက်ကလေးများနှင့် ချမ်းမြေ့တည်ငြိမ်လှသော မျက်လုံးအစုံရှိရာ သို့လည်းကောင်း မသွားဘဲ မရောက်ဘဲ မနေနိုင် ဖြစ်နေရပေသည်။ သို့ဖြစ်၍လည်း တနင်္လာနေ့ကျပြီဆိုလျှင် ဖယိုဒေါသည် အသွား ၁၂ ကီလိုမီတာ အပြန် ၁၂ ကီလိုမီတာမျှဝေးသော ခရီးကို ခြေကျင်လျှောက်

mgyoe.com

mgyoe.com


လေ့ရှိပေသည်။

စတက်ရှာသည် ရွာ၏ တစ်ဖက်အစွန်ရှိ အိမ်ပုကလေးတွင် နေထိုင်၍ ထောပတ်ချက်စက်ရုံ၌ စာရေးမအဖြစ် ဝင်ရောက်လုပ်ကိုင်နေသူကလေးဖြစ်၏။ ဖယိုဒေါသည် သူမ၏မိဘများကို ပထမဆုံးအကြိမ် တွေ့လျှင်တွေ့ချင်း သဘောကျသွားလေသည်။

တစ်နေ့တွင် စတက်ရှာ၏ ဖခင်ဖြစ်သူသည် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်ပြီးသကဲ့သို့ သူ၏ ရှည်လျား၍ အဖုအထစ်ရှုံ့နေသော လက်တစ်ဖက်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ အဘိုးကြီးသည် သန်သန်မာမာနှင့် အရိုးဆက်ကြီးကြီးနှင့် ထင်ရှားပေါ်လွင်သော နှာခေါင်းကြီးရှိသူဖြစ်သည်။

သူက “ရှေးတုန်းကလိုဆိုရင်တော့ အခုလိုကိစ္စမျိုးမှာ အဖေလုပ်တဲ့လူက စကားစပြောရိုးထုံးစံတော့ မရှိဘူးပေါ့ကွာ” ဟူ၍ အစချီလိုက်ပြီးမှ “ဒါပေမဲ့ အခုခေတ်မှာတော့ ဒါမျိုးကို ဘယ်သူကမှ ဘယ်လိုမှ သဘောမထားကြတော့ပါဘူး။ အဲဒီတော့ မောင့်ကို ကျုပ်ကပဲ ပြောရတော့မယ်။ မောင်ရင်ဟာ စတက်ရှာရှိရာ ဒီကိုပဲ အမြဲလိုလိုလာနေတဲ့ သူငယ်တစ်ယောက်ပဲ။ အဲဒါနဲ့ပတ်သက်လို့ ကျုပ်အဘွားကြီးကရော ကျုပ်ကပါ ဘာမှ သဘောမကျစရာ ကန့်ကွက်စရာ မရှိပါဘူး။ ကျုပ်တို့ဟာ မောင့်ကို သင့်တော်တဲ့သူငယ်တစ်ယောက်အနေနဲ့ သဘောကျကြပြီးသားပါပဲ။ တခြားလည်း ထွေထွေထူးထူး ဘာမှ ပြောစရာမရှိပါဘူး။ အဲဒီတော့ မောင်ရင်လည်း မြင်တဲ့အတိုင်းပဲ ကျုပ်တို့အိမ်ရဲ့ တစ်ဝက်လောက်က ဟိုဘက်အခန်းတွေဟာ ဘယ်သူမှနေတာလည်း မဟုတ်။ ဘာပစ္စည်းမှလည်းမထားလို့ အလွတ်ဖြစ်နေပေတော့ အဲဒါ မောင်ရင် ဒီအိမ်မှာ ကျုပ်တို့နဲ့သာ အတူလာနေပေတော့ ဟုတ်လား။ အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ကျုပ်တို့မိသားတစ်စု စုစုဝေးဝေး နေကြ

mgyoe.com

mgyoe.com


တာပေါ့"

အဘိုးကြီး၏ စကားအဆုံးတွင် စတက်ရှာသည် မျက်နှာမထားတတ်အောင် ရှက်သွေးများ ဖြာသွားရှာသဖြင့် မျက်လွှာကို အသာချ၍ နေမိလေသည်။ သူမ၏အမေဖြစ်သူ မျက်နှာဝိုင်းဝိုင်းနှင့် ကြင်ကြင်နာနာရှိပုံရ၍ စတက်ရှာ၏ မျက်လုံးများကဲ့သို့ ပြာလဲ့သော မျက်လုံးအစုံနှင့် အမယ်ကြီးကမူ ဖယိုဒေါဘက်သို့ နှစ်သက်သဘောကျဟန်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်းက–

"ဟုတ်တယ်မောင်ရင် အမေတို့နဲ့ပဲ လာနေပဲ လာနေပါတော့။ အဲဒါပဲကောင်းပါတယ်။ အမေတို့မှာ ကုသိုလ်နည်းလို့ သားယောက်ျားလေးမရလေတော့ မောင့်ကိုပဲ သားအရင်းလို သဘောထားပါတယ် မောင်ရင်"

အိမ်အပြင်ဘက်သို့ ရောက်သောအခါ ဖယိုဒေါသည် သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသော အခက်အခဲများကို စတက်ရှာအား ပြောပြရလေသည်။

"မောင့်အနေနဲ့ မောင်တို့ စုပေါင်းလယ်ယာနဲ့ လယ်ထွန်စက်ဌာနကို စွန့်ခွာပြီး ဒီရွာကို လာနေဖို့ဆိုတာ ပစ်ပစ်ခါခါ လုပ်ရာကျလိမ့်မယ်ထင်တယ် စတက်ရှာရယ်။ ဘာလို့လဲဆိုတော့ မောင်ဟာ အဲဒီရွာမှာပဲ ကြီးပြင်းလာခဲ့တဲ့ လူတစ်ယောက်မို့ပါ။ ပြီးတော့လည်း မောင့်အနေနဲ့ အစပထမက ရိုးရိုးလယ်ထွန်စက်မောင်းနေရာက အခုဆိုရင် လယ်ထွန်စက်မောင်းသမားတွေရဲ့ အဖွဲ့ခေါင်းဆောင်ဖြစ်နေတယ်။ နောက်ပြီးတော့ အဲဒီကလူငယ်တွေနဲ့လည်း သိပ်ပြီး ရင်းနှီးနေတာလည်း ရှိသေးတယ်"

"ဒါတော့မောင်ရယ်၊ စတက်ရှာအတွက်က အိမ်ကို ခွဲခဲ့ရမှာ ပိုပြီးခက်ပါတယ် မောင်ရယ်" ဟု စတက်ရှာက ပြန်ပြောရှာသည်။

"မောင့်အတွက်ဆိုရင် ဒီမှာ လုပ်စရာအလုပ်တွေ တစ်ပုံကြီးရှိတာ

mgyoe.com

mgyoe.com


ပဲ။ ဒီမှာဆိုရင် လယ်ထွန်စက်မောင်းမယ့်လူလည်း လုံလုံလောက်လောက် မရှိဘူးမောင်ရဲ့။ အဲဒီတော့ မောင်ဟာ ဒီရောက်ရင်လည်း အဖွဲ့ခေါင်းဆောင် ချက်ချင်းလိုလို ဖြစ်နိုင်ပါတယ်ကွယ်"

ဖယိုဒေါသည် ဆောင်းတွင်းတွင် လယ်ထွန်စက်များ တိုက်ချွတ်ပြင်ဆင်နေစဉ်ရက်များ၌ လယ်ထွန်စက်ဌာနနှင့် မလှမ်းမကမ်းတစ်နေရာတွင် အခန်းတစ်ခန်းကို ငှား၍ နေထိုင်လေ့ရှိပေသည်။ လယ်ထွန်စက်များကို လယ်ထဲ၌ မောင်းနှင်၍ အသုံးပြုနေသော အချိန်တွင်မူ သူသည် သူနှင့် ဆွေမျိုးနီးစပ်တော်စပ်သော ကရွန်ဆိုဗိုရွာမှ ပန်းပဲဆရာ ကူဇ်မာနှင့် အတူလာနေလည်း။

ဖယိုဒေါ၏ ဖခင်ဖြစ်သူ ကွယ်လွန်ခဲ့သည်မှာ ၇ နှစ်ခန့်ရှိပြီဖြစ်၏။ သူ၏မိခင်မှာမူ ကရွန်ဆိုဗိုရွာနှင့် ကီလိုမီတာ ၄၀ ခန့်ဝေးသော ဇာအိုစီချယေးအမည်ရှိ သစ်တောရွာကလေးတစ်ရွာ၌ နေထိုင်လျက်ရှိလေသည်။ သူ့မိခင်မှာ အသက်အရွယ်ကြီးပြီဖြစ်သော်လည်း စုပေါင်းလယ်ယာတစ်ခုတွင် ဂုန်လျှော်များနေလှန်းခြင်း၊ ကောက်ရိုးများဆွခြင်းစသော အလုပ်မျိုးကို လုပ်ကိုင်လျက်ရှိပေသေး၏။ စင်စစ် အမယ်ကြီးသည် အလုပ်မလုပ်ဘဲနေ၍လည်း ဖြစ်နိုင်ပေသည်။ ဗော်ကူတာမြို့မှ အင်ဂျင်နီယာဖြစ်သော သားအကြီးဆုံးဖြစ်သူက သူမထံသို့ ငွေအမြောက်အမြား တင်ပို့လေ့ရှိသည်။ သို့ရာတွင် အိမ်တွင်ရှိသော ဆိတ်တစ်ကောင်နှစ်ကောင်နှင့် အာလူးခင်းကလေးကိုသာ စောင့်ကြပ်ကြည့်ရှုနေရသော အလုပ်မှတစ်ပါး အခြားအလုပ်မရှိဘဲ အိမ်တွင်ထိုင်၍ အချိန်ဖြုန်းနေရခြင်းသည် ပျင်းရိငြီးငွေ့စရာကောင်းသည်ဟု ယူဆပေသည်။

ဖယိုဒေါကိုယ်တိုင်ကလည်း လစဉ်လတိုင်း ဘီစကွတ်မုန့်များ သကြားများနှင့် လက်ဖက်ခြောက်များကိုဝယ်ကာ မိခင်အိုကြီးထံ မှန်မှန်လာပို့လေ့ရှိသည်။ ထိုသို့ ပစ္စည်းများ လာပို့ရင်း ရောက်သည့်အခိုက်တွင်

mgyoe.com

mgyoe.com


သစ်တောထဲမှ ထင်းများကို သယ်ပေးခြင်း လွှနှင့်ဖြတ်၍ ခွဲစိတ်ကာ စုပုံပေးခဲ့သည့်အပြင် အိမ်မှာမွေးထားသော ဆိတ်အတွက်လည်း ကောက်ရိုးများဘဉ်းပေးခြင်းများကို မိခင်အိုကြီးအတွက် ပြုလုပ်ပေးခဲ့ပေသေး၏။

"သားတို့ဌာနက အရာရှိတွေကို ပြောကြည့်ပါလားသားရယ်။ အမေတို့လယ်တောကို ငါ့သား ပြောင်းလာလို့ရအောင် ကြိုးစားကြည့်စမ်းပါလား" ဟူ၍ မိခင်အိုကြီးက သားဖြစ်သူ ဖယိုဒေါအား မကြာခဏ တိုက်တွန်းလေ့ရှိ၏။

သို့သော် ဖယိုဒေါသည် ထိုသို့ ပြောင်းရွှေ့နေထိုင်ရန် စိတ်မကူးမိပေ။ သူသည် လယ်ထွန်စက်မောင်းသမားတစ်ယောက်ဖြစ်၍ အလုပ်အကိုင် စေ့စပ်သေချာသူဖြစ်၏။ ယခုကဲ့သို့ သစ်တောများဖြင့် အရောရောအနှောနှောဖြစ်နေသည့် လယ်ကွက်များရှိသည့် ဤလိုဒေသမျိုးတွင် လယ်ထွန်စက်များမှာ အသုံးပြု၍ မဖြစ်သလောက်ရှိကာ သည်အတိုင်းချောင်ထိုးထားရသည့်အချိန်က များနေပေသည်။ သို့ဖြစ်ရာ ကရွှန်ဆိုဗိုလိုရှာမျိုး၌ နေထိုင်လုပ်ကိုင်ခဲ့သူတစ်ယောက်အဖို့ ပတ်ဝန်းကျင်ဒေသနှင့် အဆက်ပြတ်လှသော ဤလိုနေရာမျိုးတွင် မည်သူနေထိုင်ချင်ပါအံ့နည်း။ မည်သို့ပင်ဖြစ်စေ မိခင်အိုကြီး၏အလိုကို ဆန့်ကျင်ဘက်မပြုလိုရကား သက်ဆိုင်ရာအရာရှိများက မိမိအား ပြောင်းရွှေ့ခွင့်ပြုမည်မဟုတ်ဟူ၍ ပြောဆိုနှစ်သိမ့်ထားရလေသည်။

ယခုသော်ကား ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက နေထိုင်ကြီးပြင်းလာသော ဤအရပ် ဤဒေသကို ခွဲခွာရပေတော့မည်။ စတက်ရှာကိုခေါ်၍ မိမိ၏ အမေအိုကြီးရှိရာ တာအိုစီချယေးရွာသို့ သွားရောက်နေထိုင်ရန်မှာလည်း မိမိကိုယ်တိုင်က မသွားလိုသောအရပ်ဖြစ်သဖြင့် သူမကို ခေါ်သွားရန် ပို၍ ခဲယဉ်းပေသည်။ ကူဇ်မာမိုကော့ဗ်တွင် အခြေစိုက်ရန်မှာလည်း ဖြစ်နိုင်မည်မထင်ပေ။ အမှန်အားဖြင့် မိမိအနေဖြင့်

mgyoe.com

mgyoe.com


အိမ်တစ်လုံးဆောက်မည်ဆိုက ဆောက်၍ နေနိုင်ပေသည်။ သို့ ဆောက်မည်ဆိုက စုပေါင်းလယ်ယာဌာနကလည်း လိုအပ်သော အကူအညီများ ပေးမည်မှာ မုချဖြစ်၏။ သို့သော် ဤကိစ္စမှာ အချိန်ကြာဖွယ်ရှိပေသည်။ စတက်ရှာသည် ထိုသို့ ကိုယ့်အိမ်နှင့်ကိုယ်မဟုတ်ဘဲ အခြားသူများနှင့် ရောထွေး၍ တစ်နှစ်ကျော် နှစ်နှစ်မျှ နေနိုင်ပါမည်လော။

နောက်ဆုံးတွင် ဖယိုဒေါသည် စတက်ရှာနှင့်ပင် အတူလိုက်၍ နေရန် ဆုံးဖြတ်လိုက်ရတော့၏။

သူ၏မင်္ဂလာဆောင်သို့ သူ့မိတ်ဆွေတစ်ယောက်မှ မလာနိုင်ကြပေ။ သူတို့အားလုံးမှာ လယ်ထွန်စက်ပြင်သော အလုပ်ရုံ၌ အလုပ်များနေကြလေသည်။ သူ၏မိခင်ကြီးကိုယ်တိုင် သားဖြစ်သူ၏ မင်္ဂလာဆောင်သို့ မလာနိုင်ဘဲ ဖြစ်ရ၏။ တကယ်ဆိုတော့ အသက် ၆၀ မျှရှိနေပြီဖြစ်သော အမယ်အိုကြီးတစ်ယောက်အနေဖြင့် နှင်းတောကိုဖြတ်ကျော်၍ ကသိကအောက်နိုင်လှသော လော်ရီကားကြီးကိုစီး၍ ခရီးသွားရန်မှာ အမှန်ပင် မသင့်တော်သောအလုပ်တစ်ခုပင် ဖြစ်ပေသည်။ ထို့ပြင် မိခင်ကြီးအတွက် မြင်းတစ်ကောင်စီစဉ်ပေးရန်မှာလည်း ကရွန်ဆိုဗိုရွာ စုပေါင်းလယ်ယာဌာနမှ ဥက္ကဋ္ဌဖြစ်သူမှာ မိမိအား ကရွန်ဆိုဗိုရွာမှ ပြောင်းရွှေ့သွားသည်ကို မလိုလားမနှစ်သက်သလို ရှိနေသူဖြစ်သဖြင့် သူ့ထံမှ မြင်းတစ်ကောင်ရရန်လည်း တောင်းမနေချင်တော့ပေ။ စတက်ရှာတို့ရွာမှ စုပေါင်းလယ်ယာဌာန တာဝန်ခံများထံ မြင်းတစ်ကောင်တောင်းရန်မှာလည်း မိမိမှာ ယခုမှ ပြောင်းရွှေ့လာသော လူစိမ်းတစ်ယောက်ဖြစ်နေသဖြင့် သာ၍ပင် ဝန်လေးလှပေသည်။ အကယ်၍ မြင်းများ ရှိနေသည့်တိုင်အောင်လည်း ယခုအချိန်မှာ မြင်းများကို သစ်တုံးဆွဲသောလုပ်ငန်းတွင် အသုံးပြုနေရသောအချိန်ဖြစ်နေသဖြင့် မြင်းရရန် ခက်ခဲနေပေသည်။ သို့ရာတွင် မိခင်အိုကြီးကမူ သားအပေါ်၌ မိခင်တို့၏ ချစ်ခြင်းမေတ္တာဖြင့်

mgyoe.com

mgyoe.com


သားမင်္ဂလာဆောင်သို့ လူကိုယ်တိုင် မလာနိုင်သည့်တိုင်အောင် ပျားရည် တစ်အိုး၊ အိမ်တွင်းဖြစ် ဘီယာစည်ပိုင်းကလေးနှင့် တစ်လုံးအပြင် ချွေးမ လောင်းသတို့သမီးအတွက် အနှစ်နှစ်အလလက ရည်မှန်းချုပ်လုပ်ထားခဲ့ ဟန်တူသော ပိုးခြုံထည်ကလေးတစ်ထည်စသော လက်ဖွဲ့ပစ္စည်းများကို ပို့ဖြစ်အောင် ပို့လိုက်ရှာပေသေး၏။ အမယ်အိုကြီးသည် ထိုလက်ဖွဲ့ ပစ္စည်းများကို ဆူကိုဗလီနိုဗိုရွာသို့ သွားသော လူကြုံမိတ်ဆွေတစ်ယောက် နှင့် ပါးလိုက်၍ စာတစ်စောင်လည်း ရေးပေးလိုက်သေး၏။ စာထဲ၌မူ သားနှင့်ချွေးမတို့ ဇနီးမောင်နှံ ရာသက်ပန် အိုအောင်မင်းအောင် ပေါင်းရ ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်သည့်ပြင် မင်္ဂလာဆောင် တွင် နှစ်ယောက်အတူတွဲ၍ ဓာတ်ပုံရိုက်ဖြစ်အောင် ရိုက်ပြီး သူ့ထံသို့ တစ်ပုံပို့ဖြစ်အောင် ဆက်ဆက်ပို့ရန် တိုက်တွန်းမှာကြားလိုက်လေသည်။

မင်္ဂလာဆောင်သို့ ဆူကိုဗလီနိုရွာမှ လူအနည်းငယ်မျှသာ လာ ရောက်ကြလေရာ လာသမျှလူများမှာလည်း သက်ကြီးရွယ်ကြီးများနှင့် အိမ်ထောင်သည်စုံတွဲများသာ ဖြစ်ကြပေသည်။ ၎င်းတို့အထဲတွင် အဘိုး ကြီးအစ်ဂနက်တစ်ဦးတည်းသာလျှင် စုံတွဲမဟုတ်ဘဲ တစ်ကိုယ်တည်း လာသူဖြစ်လေသည်။ သူ၏ဇနီးဖြစ်သူမှာ စုပေါင်းလယ်ယာဌာန၏ အမျိုးသမီးဥက္ကဋ္ဌဖြစ်၍ မင်္ဂလာဆောင်သို့ ဖိတ်ကြားထားသော်လည်း လာရောက်ခြင်းမပြုပေ။

စားပွဲပေါ်တွင်ကား စားကောင်းသောက်ဖွယ်များနှင့် ပြည့်နှက်နေ ၍ ဝိုင်အရက်များလည်း ဖောခြင်းသောခြင်းဖြစ်နေ၏။ သို့သော် ပရိသတ် မှာ ဆူဆူညံညံ သိပ်မရှိလှဘဲ အေးအေးဆေးဆေးနှင့်ပင် ပျော်ပျော်ရွှင်ရွှင် စားကြသောက်ကြလေသည်။ အခန်းထဲသို့ ဝင်သူကဝင်၊ တံခါးဝတွင် ရပ်သူကရပ်နှင့် ပရိသတ်မှာ ပြောပလောက်အောင် မရှိလှဘဲ များသော အားဖြင့် ခဏတစ်ဖြုတ်နေပြီး ပြန်သွားကြသည်သာ များ၏။ အပြင်

mgyoe.com

mgyoe.com


ဘက်မှနေ၍ ပြတင်းပေါက်များမှ ချောင်းမြောင်းကြည့်ကြသူများတွင်လည်း ကလေးများသာ အများအပြားတွေ့ရ၍ သူတို့မှာလည်း အအေးဓာတ်နှင့် ဆီးနှင်းဒဏ်ကြောင့် ကြာကြာမနေနိုင်ကြဘဲ ကိုယ့်အိမ်ကိုယ် ပြန်ပြေးကြသည်ကို တွေ့ရလေသည်။

ဖယိုဒေါကား မိမိ၏မင်္ဂလာဆောင်ပင်ဖြစ်သော်လည်း တစ်ချက်မျှ ဝင်၍ကသည်ကို မတွေ့ရချေ။

❒

mgyoe.com

mgyoe.com

## (၃)

မိန်းမနှင့်ယောကျ်ား နှစ်ယောက်သား ချစ်ခင်စုံမက်၍ လက်ထပ်လိုက်ကြခြင်းဖြင့် အိမ်ထောင်သည်ဘဝ၏ အစပျိုးကြရသည်ဟု မှတ်ထင်ယူဆကြမြဲဖြစ်၏။ ချစ်သူနှစ်ဦးစလုံး အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ရန် ရုံးတော်တွင် အသိအမှတ်ပြုသည့်သဘောနှင့် လက်မှတ်ထိုးကာ မှတ်ပုံတင်ကြ၏။ ထို့နောက် မင်္ဂလာအခမ်းအနားကို ဆင်ယင်ကျင်းပကြ၏။ သို့နှင့်ပင် အိမ်ထောင်သစ်တစ်ခုသည် စတင်ဖြစ်ပေါ်လာရလေသည်။

ဖယိုဒေါ၏စိတ်ထဲတွင် အိမ်ထောင်သစ်တစ်ခုကို ထူထောင်ရာ၌ အိမ်သစ်တစ်အိမ်သို့ ပြောင်းရွှေ့နေထိုင်ရသည့်အဖြစ်မျိုးကဲ့သို့ ရိုးရိုးကလေးပင်ဖြစ်သည်ဟု တွေးထင်မိလေသည်။ သူနှင့် စတက်ရှာတို့သည် အိမ်တွင်းခန်းများတွင် ကာရံထားသော ကတ်ပြားများ၊ ခန်းဆီးများအကြောင်းကိုလည်းကောင်း၊ ထမင်းအိုးဟင်းအိုးများအကြောင်းကို သော်လည်းကောင်း စိတ်ဝင်စားစရာ သဘောထား၍ စကားထဲတွင် ထည့်ပြောလေ့မရှိခဲ့ကြပေ။ သည်လို အသေးအဖွဲ အရာဝတ္ထုများကို ရေးကြီးခွင်ကျယ်လုပ်၍ ပြောရန်လည်း မလိုအပ်ဟု ယူဆထားကြသည်။

mgyoe.com

mgyoe.com


ဖယိုဒေါအဖို့ရာ၌ စတက်ရှာသည် သူ၏ ဇနီးကောင်းဖြစ်လာဖို့နှင့် စတက်ရှာအဖို့ရာ၌လည်း ဖယိုဒေါသည် သူမ၏ ခင်ပွန်းကောင်းဖြစ်လာဖို့သာလျှင် အရေးကြီးသည်ဟု မှတ်ထင်ယူဆထားခဲ့ကြလေသည်။ သို့ယူဆထားခဲ့ကြသည်မှာ လက်ထပ်မင်္ဂလာပွဲပြုလုပ်သည်အထိ လက်ထပ်မင်္ဂလာပွဲ ပြုလုပ်ကျင်းပနေသည်အထိ သည်အတိုင်းပင်ဖြစ်၏။ သူတို့နှစ်ယောက်သည် နောက်တစ်နေ့မနက်တွင် ခါတိုင်းနေ့များကဲ့သို့ပင် အိပ်ရာမှ နိုးရိုးနိုးစဉ် နိုးလာခဲ့ကြလေသည်။ သို့သော် သူတို့နှစ်ယောက်သည် အိမ်ထောင်သစ်တစ်ခုကို အခြေတည်မိကြပေပြီ။ ဤ အိမ်ထောင်ကလေးသည် ယာယီအခိုက်အတန့် တိုတောင်းသောကာလအတွက်သာမဟုတ်၊ တစ်နှစ်နှစ်နှစ်အတွက်သာလျှင်မဟုတ်၊ ရာသက်ပန် ရိုးမြေကျအတူတကွ ပေါင်းသင်းနေထိုင်သွားကြရမည့် အိမ်ထောင်တစ်ခု ဖြစ်ခဲ့ပေပြီ။ သူတို့သည် အိမ်ထောင်သစ်တစ်ခုကို ခိုင်ခံ့စွာ ထူထောင်ကြရပေတော့မည်။

သူတို့နှစ်ယောက်အား အိမ်၏ တစ်ဝက်မျှသော နေရာအကျယ်အဝန်းကို ပေးအပ်ထားလေသည်။ ဖယိုဒေါ၏စက်ဘီးကို အိမ်တွင်းခန်းများသို့ဝင်သော စင်္ကြံ၏နံရံရှိ ချိတ်များတွင် ချိတ်၍ ထောင်ထား၏။ ဤနေရာမှာ ယခင် စုပေါင်းလယ်ယာစနစ်များ မပြုလုပ်မီက မြင်းကုန်းနှီးများကို ချိတ်ဆွဲထားခဲ့သောနေရာပင်ဖြစ်၍ ထိုစဉ်က စတက်ရှာတို့မှာ ငယ်ရွယ်လွန်းလှသေးသဖြင့် ထိုနေရာတွင် မြင်းကုန်းနှီးများကို ချိတ်ထားလေ့ရှိခဲ့သည်ကိုပင် မှတ်မိရန် ခဲယဉ်းလှပေသည်။ ထို့ပြင် ဖယိုဒေါ၏ ဝိုင်ယာလက်(ရေဒီယို)ကိုမူ စားပွဲတစ်ခုပေါ်တွင် တင်၍ နေရာချထားလေသည်။ ထိုနေ့ နံနက်ခင်းတစ်ခင်းလုံး သူသည် အိမ်ခေါင်မိုးပေါ်မှ ဆီးနှင်းများကိုပါ ဖယ်ရှားပစ်ပြီးနောက် ရေဒီယိုအတွက် ကောင်းကင်ကြိုးတပ်ဆင်နေခြင်းဖြင့် အလုပ်များနေခဲ့လေသည်။

mgyoe.com

mgyoe.com


စတက်ရှာအတွက် ဘိုးစဉ်ဘောင်ဆက် အသုံးပြုလာသည့် ကြီးမားလှသော သေတ္တာကြီးတစ်လုံးကို ခန်းဝင်ပစ္စည်းအဖြစ် ရခဲ့၏။ ထိုသေတ္တာကြီးမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်၍ မည်းညစ်နေပြီးလျှင် သံခွေများဖြင့် အနားကွပ်ထားကာ လူတစ်ယောက်၏ ပါးစပ်ပေါက်ကြီးပြဲသလိုဟပြဲနေသည့် သော့ပေါက်ကြီးတစ်ခု ပါရှိလေသည်။ ဤအိမ်စတင်ဆောက်လုပ်ခဲ့စဉ်ကတည်းက အိမ်ထောင်စဉ်အဆက်ဆက် အသုံးပြုလာခဲ့သော သေတ္တာကြီးဖြစ်ရာ အိမ်ရှိ အခြားအခြားသော သေတ္တာကြီးငယ်များနှင့်စာလျှင် ဤသေတ္တာကြီးမှာ သေတ္တာဘိုးအေကြီးဟူ၍ပင် ခေါ်ထိုက်ပေသည်။ ထိုသေတ္တာကြီးကို ဖွင့်လိုက်ပြီဆိုလျှင်လည်း ဒေါသတကြီးနှင့် ညည်းညူအော်ဟစ်လိုက်လေသလားဟု ထင်ရအောင် သံချေးတက်နေသော ပတ္တာများမှ အသံများမှ တကျွတ်ကျွတ်တကျွိကျွိမြည်ပြီးမှ စူးစူးဝါးဝါးပြင်းထန်လှသည့် ဆေးရွက်ကြီးနံ့များ သိုးရေနံ့များနှင့် အဝတ်ဟောင်းနံ့များသည် သေတ္တာဖွင့်သူ အိမ်ရှင်မနှာခေါင်းတွင် ထောင်းခနဲ နံ့လာစမြဲပင် ဖြစ်ခဲ့လေသည်။

သေတ္တာကြီးအတွင်းမှ အပေါ်ဆုံးတွင် တွေ့ရသော အရာဝတ္ထုကား အခြားမဟုတ်။ စတက်ရှာ၏ သေသပ်လှပသော ခုံမြင့်ဖိနပ်ကလေးတစ်ရန်နှင့် အပြာရောင်ပိုးအင်္ကျီပွတစ်ထည်ဖြစ်၏။ အဆိုပါအပြာရောင်ပိုးအင်္ကျီပွမှာ ကရွန်ဆိုဗိုရွာသို့ စပါးနယ်သောပွဲတော် ကျင်းပစဉ် ဖယိုဒေါ်နှင့် ပထမဆုံးတွေ့ဆုံစဉ်က ဝတ်ခဲ့သောအင်္ကျီပင် ဖြစ်သည်။ ထိုစဉ်က ထိုအင်္ကျီမှ ဆေးရွက်ကြီးအနံ့များ နံနေခဲ့သည်မှာလည်း အခြားကြောင့်မဟုတ်။ အင်္ကျီကို သေတ္တာကြီးထဲတွင် ခေါက်၍ သိမ်းထားခဲ့ရာမှ သေတ္တာထဲမှ ဆေးရွက်ကြီးနံ့များသည် အင်္ကျီတွင် စွဲ၍နေသောကြောင့်ပေသည်။

အဆိုပါ ခုံမြင့်ဖိနပ်ကလေးနှင့် အင်္ကျီပြာ၏အောက်တွင် သားရေ

mgyoe.com

mgyoe.com


ဘွတ်ဖိနပ်တစ်ရန်ကို တွေ့နိုင်ပေသည်။ ထိုဘွတ်ဖိနပ်မှာလည်း ပုံမဆိုး လှသော်လည်း ခွာမနိမ့်မမြင့် ဖိနပ်ဦးခပ်ချွန်ချွန် ခပ်ကုပ်ကုပ်နှင့် လွန်ခဲ့ သည့် နှစ်ပေါင်းအတော်ကြာက စီးလေ့ရှိခဲ့ကြသော ဖိနပ်ပုံမျိုးပင် ဖြစ် လေသည်။ ထို့နောက်တွင်ကား ခါးတွင် အတွန့်များများနှင့် ခပ်ဖွားဖွား ချုပ်ထား၍ နှစ်ပိသာကျော်ကျော်ခန့်အလေးချိန်ရှိသည့် ဆောင်းတွင်း ဝတ်ကုတ်အင်္ကျီကြီးတစ်ထည်ရှိလေသည်။ ဖယိုဒေါသည် ဤသို့သော မိန်းမဝတ်ကုတ်အင်္ကျီမျိုးအား ငယ်စဉ်က မြင်ဖူးတွေ့ဖူးသည်ကို မထင် မရှား ခပ်ဝါးဝါး ပြန်၍ သတိရမိသေးသည်။ ဤပစ္စည်းများပြီးလျှင် ဇာပန်းများထိုးထားသည့် အဝတ်အထည်များ အတွင်းခံရိုးရိုးအင်္ကျီ များနှင့် အဝတ်စအတိုအထွာများကို တွေ့ရ၏။ နောက်ဆုံးတွင် အောက် ဆုံး၌တွေ့ရသော အရာဝတ္ထုမှာကား ရှေးခေတ်က ဝတ်လေ့ဝတ်ထရှိခဲ့ ကြသော အိမ်တွင်းဖြစ် အဝတ်အစားများဖြစ်၍ တောက်တောက်ပြောင် ပြောင်နှင့် အပြာရောင် အဝါရောင် အနီရောင် ဇာပန်းများခြယ်ထားသော ခါးစီးကြိုးများကိုပါ တွေ့ရလေသည်။

စတက်ရှာသည် သေတ္တာကြီးထဲမှ အထက်ပါပစ္စည်းအားလုံးကို ထုတ်၍ ဝင်းခြံထဲတွင် နေလှန်းလေသည်။ သူမသည် သူမ၏ အချိုး အစားကျနလှသော နုပျိုသည့် ကိုယ်လုံးကိုယ်ပေါက်နှင့် လိုက်လျော လှသည့် အင်္ကျီဟောင်းတစ်ထည်ကို ဝတ်ကာ ကုတ်အင်္ကျီတစ်ထည်ကို ဖြန့်၍ ဖုန်များနှင့် ဆေးရွက်ကြီးအနံ့များကို ခါထုတ်နေလေသည်။ သူမ၏မိခင်ကလည်း ဝင်၍ကူညီကာ ဖုန်များကို ခါပေးလေသည်။

"သိပ်မခါပါနဲ့သမီးရဲ့ ဖြည်းဖြည်းလုပ်ပါ။ တော်တော်ကြာ ချုပ် ရိုးတွေ ပြိကုန်ပါဦးမယ်"

ထိုအခိုက် အဘိုးကြီးသည် ဆင်ဝင်ဝရန်တာပေါ်တွင် ထွက်ပေါ် လာလေသည်။ အဘိုးကြီးသည် သူ၏ နှုတ်ခမ်းမွေးတစ်ဖက်ကို လက်

mgyoe.com

mgyoe.com


ဖြင့် လိမ်ကျစ်နေရင်းက ရှည်လျားလှသည့် မျက်တောင်များအောက်မှ သူ၏ မှေးမှုန်လှသော မျက်လုံးအစုံတို့သည် တစ်စုံတစ်ခုကို ပီတိဖြစ်ကာ ကျေနပ်ပုံရလေသည်။

ဖယိုဒေါအဖို့ရာ၌မူ သူ့စိတ်ထဲတွင် ရှုပ်ထွေးနောက်ကျိနေခြင်းကို မချုပ်တည်းနိုင်အောင် ဖြစ်နေမိလေသည်။

"ဒါတွေဟာ ဘာများ အသုံးကျဦးမှာလဲ" ဟု သူက နေရောင်အောက် ခြစည်းရိုးပေါ်တွင် လှန်းထားသော ခေတ်မဆန်သည့် အဝတ်အထည်များကို လက်ညှိုးထိုးပြရင်း မေးလိုက်မိသည်။

"ဒီလို ရောင်စုံခြယ်ထားတဲ့ ကိုးရိုးကားရားအဝတ်တွေဝတ်ပြီး ရွာထဲသွားလို့ မဖြစ်တော့ဘူး အဖေရဲ့။ ဒါတွေဝတ်ပြီး လမ်းထွက်ရင် နောက်က ကလေးတွေ တရုန်းရုန်းနဲ့ လိုက်နေလာမှာတောင် စိုးရတယ်။ အဲဒီတော့ ဒါတွေ ရောင်းပစ်လိုက်တာပဲ ကောင်းမယ်ထင်တယ်အဖေ"

ဖယိုဒေါ၏ စကားအဆုံးတွင် အဘိုးကြီးမှာ မျက်နှာအနည်းငယ် ပျက်သွားလေသည်။ ပြီးမှ...

"ဒါတော့ကွယ် တို့မလည်း ရှိတဲ့အထဲက ကောင်းနိုးရာရာဆိုလို့ ဒါပဲရှိတာမို့ ရှိတာလက်ဖွဲ့ဂုတာပဲ။ တခြား ဒီထက်ကောင်းမွန်တဲ့ပစ္စည်း အဖိုးတန်ဆိုလို့လည်း ပေးစရာမရှိဘဲကိုးကွယ့်။ ဒါကိုမှ မလိုချင်ဘူးဆိုလို့ လွှင့်ပစ်ချင်သပဆိုလည်း လွှင့်ပစ်ပေါ့။ ဒါကတော့ မင်းတို့သဘောပဲ"

"ဘယ်နဲ့လွှင့်ပစ်ရမှာလဲအဖေရဲ့။ ဒါတွေကို မြို့ထဲက ကလပ်ကို လှူလိုက်ရင်လည်း ဖြစ်တာပါပဲ။ သူတို့အတွက်ဆိုရင် ဒီအဝတ်အစားတွေဟာ ပြဇာတ်ကရာမှာဝတ်ဖို့ ပြင်ချုပ်ပြီးသုံးမယ်ဆိုရင် သုံးနိုင်ပါသေးတယ်"

"အမယ်လေး ဘယ့်နှယ့်ပြောလိုက်တာလဲသားရယ်။ ဒါတွေဟာ အလွယ်တကူနဲ့ စုလို့ဆောင်းလို့ရတဲ့ဟာတွေ မဟုတ်ဘူးကွဲ့။ ဒါတွေကို

mgyoe.com

mgyoe.com


ဘယ့်နှယ့် အလကားပေးပစ်လို့ ဖြစ်ပါ့မလဲကွယ်" ဟု အဘွားကြီးက စိတ်မကောင်းဟန်ဖြင့် ဝင်ပြောလေသည်။ တစ်ဖန် ဆက်၍ "ဒီအဝတ်အစားတွေဟာ ငါ့အဘွားများလက်ထက်ကတည်းက ဝတ်လာခဲ့တာတွေကွဲ့။ ငါ့အဘွားကတစ်ဆင့် ငါ့အမေကို အမွေပေးခဲ့လို့ ငါ့အမေကတစ်ဆင့် ငါ့လက်ထက်အထိ သိမ်းဆည်းလာခဲ့ရတာ ဒီလို ဇာတွေ ပန်းတွေနဲ့ လက်ရာကောင်းတဲ့အဝတ်အစားမျိုးကို အခုခေတ် ဘယ်မှာများ မင်း မြင်ဖူးတွေ့ဖူးလို့လဲ။ ပြောစမ်းပါ ဒါကိုများ ဇာတ်ခုံပေါ်မှာ ဝတ်ဖို့ ပေးပစ်လိုက်ရမယ် ဟုတ်လား။ အမယ်လေးတော် ငါတော့ အံ့ရောဟဲ့"

"အို… အမေကလည်း အမေရယ်၊ သူက ရယ်စရာပြောနေတာပါ" စတက်ရှာက ဣန္ဒြေရရနှင့် ဝင်၍ ပြောလိုက်ရှာလေသည်။

"သူတို့ကလည်း ဒါမျိုးတွေကို ဇာတ်ခုံပေါ်မှာ ဝတ်ပါ့မလားအမေရဲ့။ သူတို့မှာ အဆင်သင့် အလွယ်တကူ ချုပ်ပြီးသားတွေ ဝတ်မှာပေါ့" သူမ၏အသံမှာ ခပ်မှန်မှန်နှင့် ဣန္ဒြေရရရှိလှပေသည်။

အဘွားကြီးကမူ စကားကို လက်စမသတ်သေးဘဲ "မင်းရတဲ့မိန်းမကတော့ တကယ့်လိမ္မာတဲ့ မိန်းမပါပဲ။ တကယ့်မယားကောင်း တစ်ယောက်ပါပဲ" ဟုပြောဖြစ်အောင် ပြောလိုက်သေးသည်။

အဘွားကြီး၏လေသံနှင့် အဘိုးကြီး၏ မျက်နှာအမူအရာကို ကြည့်ရခြင်းအားဖြင့် ၎င်းတို့နှစ်ယောက်စလုံးသည် မကျေမနပ်ဖြစ်လျက် ရှိနေကြဆဲပင်ဖြစ်သည်ကို ဖယိုဒေါ ကောင်းစွာ ရိပ်မိလေသည်။ ဤကိစ္စ ဤဖြစ်ရပ်ကလေးမှာ သာမန်အသေးအဖွဲဖြစ်သော စိတ်သဘောချင်း မတိုက်ဆိုင်မှုကလေးမျှသာဖြစ်၍ ခဏနှင့်ပင် ပြီးပြီးပျောက်ပျောက် မေ့မေ့လျော့လျော့ပင် ရှိခဲ့၏။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ ဤဖြစ်ရပ်သည် အိမ်တွင်းရေး စိတ်ဝမ်းကွဲပြားမှု အဆင်မပြေမှုကလေးတစ်ခု ဖြစ်ခဲ့သည်

mgyoe.com

mgyoe.com


မှာကား အမှန်ပင်ဖြစ်ခဲ့ပေသည်။

ညနေဘက်သို့ ရောက်သောအခါတွင်မူ အားလုံး အစစအရာရာ နေသားတကျ ပြန်ဖြစ်သွားလေသည်။ စတက်ရှာကိုယ်တိုင် တိုက်ချွတ် ဆေးကြောထားသဖြင့် အိမ်နံရံများနှင့် ကြမ်းပြင်များမှာ သန့်သန့်ရှင်း ရှင်းနှင့် အနံ့ကလေးများပင် သင်းနေလေသည်။ စားပွဲပေါ်တွင်လည်း ဖွေးဖွေးဖြူနေသော စားပွဲခင်းတစ်ခုကို ခင်းထားလေသည်။ ဤနေရာ တွင် ပန်းပွင့်ကြီးများဖြင့် လှလှပပ ပန်းထိုး၍ အမြိတ်များတပ်ထား သည့် စားပွဲခင်းတစ်ခုရှိသည်ကို ဖယိုဒေါ် သိထားပြီးဖြစ်၏။ သို့ရာတွင် စတက်ရှာသည် ထိုပန်းထိုးစားပွဲခင်းကို အကြောင်းကိစ္စကြီးငယ်ရှိမှ ထုတ် သုံးရန် ခေါက်၍ သိမ်းထားလိုက်သည်ကို တွေ့ရလေသည်။ ထိုစားပွဲ ခင်းပေါ်တွင် ရေဒီယိုသည် အရောင်တဖိတ်ဖိတ်တောက်လျက်ရှိနေ၍ ခန်းဆီးများမှာလည်း ပြတင်းပေါက်များတွင် တဖျတ်ဖျတ်လွင့်လျက်ရှိ လေသည်။ အဘိုးကြီးများ အဘွားကြီးများနေထိုင်သော အခန်းထဲမှ ပန်းအိုးတစ်ခုနှင့် ထည့်၍ စိုက်ထားသော ကြက်ပေါင်စေးပင်ကလေးမှာ လည်း ပြတင်းပေါက်ပေါင်တွင် ရောက်ရှိနေပေသည်။ ကြီးမား၍ ကြောက်မက်ဖွယ်ကောင်းလှသော သေတ္တာကြီးမှာလည်း တောက်ပြောင် ၍ အရောင်လှပသော အဝတ်စတစ်ခုနှင့် ဖုံးအုပ်ထားသည်ကို တွေ့ရ၏။ မှန်အိမ်အတွက်လည်း အိမ်တွင်းဖြစ်စက္ကူနှင့် လုပ်ထားသော မီးအုပ် ဆောင်းတစ်ခုကို တပ်ထားလေသည်။ ဖယိုဒေါ်၏ စိတ်ထဲတွင်မူ ထို မီးအုပ်ဆောင်းကလေးကိုကြည့်၍ အောက်ခံအဖြူရောင်တွင် အပေါ်မှ အစိမ်းခြယ်ထားသော မီးအုပ်ဆောင်းတစ်ခု ဝယ်ဦးမှဖြစ်မည်ဟု စိတ်ထဲ တွင် ဆုံးဖြတ်ထားလိုက်မိ၏။

သူသည် ရှပ်အင်္ကျီကို ချွတ်လိုက်ပြီးနောက် သူ့ကိုယ်သူ ပြန်၍ သတိထားကြည့်မိကာ ပီတိဖြစ်နေမိလေသည်။

mgyoe.com

mgyoe.com


"အင်း... လက်စသတ်တော့ အိမ်ထောင်သည်ဘဝဆိုတာ ဒီလိုပါလား" ဟု အောက်မေ့တွေးတောနေမိ၏။ မှန်ပေသည်။ ရေဒီယို၊ မီးအိမ်၊ စားပွဲခင်းအဖြူ သည်အရာဝတ္ထုများသည် အသေးအဖွဲပစ္စည်းများပင် ဖြစ်၏။ သို့သော် ဤအရာများသည် အိမ်တစ်အိမ်အတွက် လိုအပ်သော ပစ္စည်းများပင် ဖြစ်ချေသည်။ လူပျိုဘဝ တစ်ကိုယ်တည်းနေစဉ်ကလို ပျင်းရိငြီးငွေ့စရာလည်းမရှိတော့။ ကိုယ့်အိမ်ထောင် ကိုယ့်အသိုက်အမြုံနှင့်ကိုယ် သာတောင့်သာယာ ရှိလှပါ၏တကား။

စတက်ရှာသည် အိပ်ရာစွန်းတွင် တင်ပါးလွှဲထိုင်၍ ခေါင်းဖြီးရင်းက တစ်ခုခုကို အလိုမကျသလို ဖြစ်နေပေသည်။ ယခုဆိုလျှင် စတက်ရှာသည် ဖယိုဒေါ်နှင့် အလွန်နီးနီးကပ်ကပ်ရှိနေ၍ ယင်းသို့ နီးနီးကပ်ကပ်နေရခြင်းသည်ပင်လျှင် အိမ်ထောင်အရသာတစ်ခုဟု ဆိုနိုင်ပေသည်။ သူသည် စတက်ရှာအနီးသို့ တိုး၍သွားကာ သူမကို အသာအယာဖက်လိုက်၏။ စတက်ရှာသည် ယမန်နေ့က ဖယိုဒေါ်၏ အထိအတွေ့ကို တုန်လှုပ်ခဲ့သော်လည်း ယနေ့အဖို့ရာ၌မူ ဘာမှမဖြစ်သကဲ့သို့ပင် သူ့ကို အသာအယာ ပြန်၍ တွန်းခါဖယ်ရှားရင်းက

"နေပါဦးမောင်ရဲ့ ဘီးကျိုးသွားပါဦးမယ်" ဟု ဣန္ဒြေရရ အသာတကြည် ပြန်ပြောလိုက်၏။

ဖယိုဒေါ်သည် ဤသို့ ပြောခြင်းခံရသည့်အတွက် အံ့ဩခြင်းလည်းမရှိ။ အခံရခက်ခြင်းလည်း မဖြစ်မိပေ။ သူတို့သည် အိမ်ထောင်သည်ဘဝသို့ ရောက်ခဲ့ကြပြီဖြစ်ရာ ဤအပြောမျိုး ဤအဖြစ်မျိုးသည် အိမ်ထောင်သည်ဘဝတွင် မုချ ကြုံရတွေ့ရစမြဲပင် မဟုတ်ပါလား။

❐

mgyoe.com

mgyoe.com

# (၄)

ဖယိုဒေါသည် ကေဂိုရှိဒစ်ရှိချေးဒေသသို့ ရောက်ခဲ့ပြီးနောက် မကြာမီအတွင်း သူ၏သတင်းကို ထိုရွာမှ လယ်ထွန်စက်ဌာနမှ ကြား သိရသဖြင့် လယ်ထွန်စက်ဌာနဆိုင်ရာ အုပ်ချုပ်သူ တာဝန်ခံအရာရှိသည် ဖယိုဒေါအား ခေါ်ယူတွေ့ဆုံလေသည်။ ဖယိုဒေါသည် ရုံးခန်းအပြင် ဘက်မှ ရပ်၍ စောင့်ဆိုင်းနေစဉ် သူ့အကြောင်းကို ရုံးခန်းထဲမှ ပြောနေသံ များ ကြားနေရလေသည်။

"သူက ဒီရွာကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ဆူကိုဗလီနိုဗိုရွာက မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပြီး အဲဒီမိန်းကလေးရဲ့ မိဘများနဲ့ အတူလာနေတယ်လို့ ပြောတာပဲ"

"ဒီလိုဆို ဒီမိန်းကလေးဟာ တယ်တော်ပါလား။ ကျုပ်တို့ဆီကို အလုပ်သမားတစ်ယောက်ရအောင် ခေါ်လာနိုင်ခဲ့တာပေါ့"

လယ်ထွန်စက်ဌာနဆိုင်ရာ စီမံအုပ်ချုပ်သူတာဝန်ခံ ပါဗ်လိုဗစ်ချ် သည် ဥပမိရုပ်ကောင်း၍ အောင်မြင်လေးနက်သော အသံသြဇာရှိသူ တစ်ဦးပင်ဖြစ်၏။ အသွားအလာ အနေအထိုင်မှာလည်း တည်တည်တံ့ တံ့နှင့် ခန့်ညားလှပေသည်။ မည်သို့ပင်ဖြစ်စေ သူသည် ဖယိုဒေါကို

mgyoe.com

mgyoe.com


ဖော်ဖော်ရွေရွေနှင့်ပင် လက်ခံတွေ့ဆုံ၍ စကားပြောလေရာ မိနစ်အနည်းငယ်အတွင်းမှာပင် သူသည် ဖယိုဒေါ၏အမည်ကို ကိုဖက်ဒယာဟူ၍ပင် ရင်းရင်းနှီးနှီး ခေါ်ဝေါ်ပြောဆိုလေသည်။

သူသည် ဖယိုဒေါနှင့်အတူ ရုံးခန်းထဲမှထွက်၍ လယ်ထွန်စက်ဘီးရာ လမ်းကြောင်းကြီးများနှင့် ရှုပ်ပွေနေသော ဝင်းကြီးထဲတွင် လမ်းလျှောက်ရင်း စကားပြောလာလေသည်။

"ဒီမယ် ဖက်ဒယာ ကျုပ်ငယ်ငယ် ရွာထဲမှာ လျှောက်ပြီး ပြေးလွှားနေတဲ့ အရွယ်တုန်းက လူတစ်ယောက်ကို ကျုပ် အခု ပြန်ပြီး သတိရနေမိတယ်။ သူ့ကို လူတွေက 'ကိုဥသြ' လို့ ခေါ်ကြတယ်။ လူတွေက သူ့ကို "ဟေ့... ဥသြဒါလောက်လှပြီး ချောမွေ့နေတဲ့မြင်းကို ဘာပြုလို့ ဒီလိုကြိုးကြီးနဲ့ ဇက်သတ်ထားရတာလဲ။ မင်းအနေနဲ့ ဒါလောက်လည်း ဆင်းရဲသေးတာလည်း မဟုတ်ပါဘူးကွာ။ ဒီထက်ကောင်းတဲ့ဇက်ကြိုး မရှိတော့ဘူးလား" လို့ မေးလေ့ရှိကြတယ်။ ဒါပေမဲ့ သူက အမြဲတမ်းပြန်ဖြေကာကတော့ "ဒါကတော့ဗျာ ဒီမြင်းဟာ သူ့ဟာသူ တတ်နိုင်သလောက် ရုန်းမှာပါပဲ။ သားရေကြိုးနဲ့ ဇက်သတ်ထားလို့လည်း ပိုအားရှိပြီး ပိုမရုန်းနိုင်ပါဘူးတဲ့" အခု ကျုပ်တို့ လယ်ထွန်စက်ဌာနဟာလည်း အဲဒီ ကိုဥသြရဲ့လယ်တောနဲ့ ခပ်ဆင်ဆင်ပဲ ဟောဟိုက မြင်းတွေကို ကြည့်စမ်းပါဦး" ဟုဆိုကာ သူသည် ဖယိုဒေါအား ခပ်လှမ်းလှမ်း တစ်စင်းနှင့်တစ်စင်း ဆောင်းချင်းယှဉ်၍ ရပ်ထားသော လယ်ထွန်စက်အတန်းကြီးကို လက်ညှိုးထိုး၍ပြလိုက်၏။

"ဒီလယ်ထွန်စက်တွေဟာ ဖြစ်သလို ကြဲဖန်ပြီးထားရတာတွေချည်းပဲ။ ကျုပ်တို့မှာ ဒီစက်တွေကို အလုပ်ပြီးရင် စနစ်တကျ သိမ်းဆည်းထားဖို့ ရုံကြီးတွေလည်း မဆောက်နိုင်သေးဘူး။ ပျက်ရင်ပြင်ဖို့ ဝပ်ရှော့တွေဆိုတာလည်း အခုမှ စတည်တုန်းပဲရှိသေးတယ်။ အဲဒီတော့ မောင်ရင်

mgyoe.com

mgyoe.com


လည်း ကွန်မြူနစ်လူငယ်အဖွဲ့ဝင်တစ်ယောက်ပဲ တာဝန်ကို သိတတ်လေး စားတတ်လိမ့်မယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်။ ဒါကြောင့်မို့လည်း မောင်ရင့်ကို ကျုပ်ကိုယ်တိုင် ခေါ်တွေ့တာပဲ။ မောင်ရင်ဟာ ဘယ်လိုလူ စားလဲဆိုတာ မောင်ရင့်မျက်လုံးက ဖော်ပြနေပြီးသားပါ။ အဲဒီတော့ ကျုပ်တို့လိုချင်တဲ့ လူစားမျိုးသာရရင် ကျုပ်တို့လုပ်ငန်းဟာ ထောင်တက်သွားနိုင်တယ်ဆိုတာ ကျုပ်ပြောရဲပါတယ်"

ဖယိုဒေါသည် ခပ်လှမ်းလှမ်းတစ်နေရာ၌ ရွာတိုင်းတွင်ရှိသော ပန်းပဲဖိုပုံသဏ္ဌာန်မျိုး ဆောက်လုပ်ထားသည့် အုတ်တိုက်ကလေးတစ်ခုကို မြင်ရလေသည်။ ထိုအုတ်တိုက်ကလေး၏ တံခါးမှာ ပွင့်နေ၍ မှောင်မည်းနေသော အတွင်းဘက်မှ သံဂဟေဆော်နေသဖြင့် ထွက်ပေါ်လာသော စိမ်းလဲ့လဲ့မီးတောက်မီးလျှံများကိုလည်း လှမ်းမြင်နေရပေသည်။ ထိုအုတ်တိုက်ကလေးနှင့်ကပ်လျက် အဆင်အပြင်မပါဘဲ တုံးတိကြီး ဆောက်လုပ်ထားသည့် အဆောက်အအုံခပ်ရှည်ရှည်တစ်ခုကို တွေ့ရ၏။ ထိုအဆောက်အအုံကြီးမှာ မြင်းဇောင်းကြီးသော်လည်းကောင်း၊ ရုံကြီးသော်လည်းကောင်း ဖြစ်ခဲ့ဟန်တူလေသည်။ ဖယိုဒေါသည် ထိုအဆောက်အအုံကြီးကို လယ်ထွန်စက်များပြင်ရန် ဝပ်ရှော့အဖြစ် အသုံးချသင့်သည်ဟု ယူဆမိပေသည်။ အဆောက်အအုံကြီး၏ နောက်ဘက်တွင်ကားလယ်များကို ထွန်နိုင်ရိတ်နိုင်သော ကွန်ဘိုင်းခေါ် စက်ကြီးများကို မြင်နေရပေသည်။ ထိုစက်ကြီးများမှာ အနီရောင်များ အပြာရောင်များဖြင့် ဆေးခြယ်ထားသည်ကို တွေ့ရ၍ တစ်စင်းနှင့်တစ်စင်း ဘေးချင်းယှဉ်၍ တန်းစီကာ ဘီး၏ အောက်ပိုင်းများမှာ နှင်းထဲတွင် မြုပ်နေလေသည်။

"တကယ့် ကိုဥညြရဲ့ လယ်တောအတိုင်းပါပဲ" ဟု ဖယိုဒေါ၏ စိတ်ထဲက မှတ်ချက်ချမိ၏။ မိမိသည် မိမိရွာမှ လယ်ထွန်စက်ဌာနကို ခွဲခွာ၍ ဤသို့သော လယ်ထွန်စက်ဌာနသို့ ရောက်ခဲ့ပေပြီ။ သိန်းငှက်ကို

mgyoe.com

mgyoe.com


ဉာဉ်နှင့် လဲမိဂေပြီ။

"ပြီးတော့ ကျုပ်ကိုယ်တိုင်ကလည်း ဒီမှာ လူသစ်တစ်ယောက်ပဲ မောင်ရဲ့"

ပါဗ်လိုဗစ်ချ်က စိတ်ပါလက်ပါနှင့် ဆက်ပြောပြန်လေသည်။

"လွန်ခဲ့တဲ့တစ်လလောက်ကမှ ဒီအလုပ်ကို ခန့်လိုက်လို့ ဒီရောက်လာတာ။ ဒီကျတော့ ဒီကလူတွေဟာ အလုပ်သမားတွေရဲ့ လိုအပ်ချက်တွေကို ဘယ်သူကမှ ဂရုတစိုက်လုပ်ပေးတဲ့လူ မတွေ့ရဘူး။ ဒါပေမဲ့ ကျုပ်ကတော့ ဒါကို ဒီလိုမြင်တယ်။ တာဝန်ခံအကြီးအကဲလုပ်နေတဲ့ လူတစ်ယောက်ဟာ ကျွမ်းကျင်တဲ့ အလုပ်သမားတစ်ယောက်အတွက် ကိုယ့်မှာ အင်္ကျီတစ်ထည်ပဲ ရှိနေပါစေ ဒီအလုပ်သမားကို ဒီအင်္ကျီပေးဖို့ မနှာမြောသင့်ဘူးလို့ထင်တယ်။ ဒါဟာ တစ်နေ့ကျတော့ အကျိုးပြန်ရှိလာလိမ့်မယ်လို့ပဲ ယူဆတယ်"

ဖယိုဒေါ၏စိတ်ထဲတွင်မူ ဤဌာနၵ္ဍ မည်မျှပင် ပင်ပန်းစေကာမူ အခြားသို့ ထွက်မသွားဘဲ စွဲစွဲမြဲမြဲ ကြိုးကြိုးစားစားလုပ်သွားတော့မည်ဟူ၍ပင် ခိုင်ခိုင်မာမာ ဆုံးဖြတ်မိလေသည်။

"ဟောဒါတွေကတော့ မောင်ရင် တာဝန်ယူရမယ့် လယ်ထွန်စက်တွေပဲ။ အဲ သူကတော့ လယ်ထွန်စက်မောင်းသမားတစ်ယောက်ပဲ။ ဟော့ ချီဇော့ဗ် ဟောဒါ မင်းတို့အဖွဲ့ရဲ့ခေါင်းဆောင်အသစ် ဖယိုဒေါဆိုတာပဲ။ နာမည်တော့ မင်းလည်း ကြားဖူးပါလိမ့်မယ်။ လူတော်တစ်ယောက်ပါပဲ။ ကဲ... ကဲ... မင်းတို့ချင်း ရင်းရင်းနှီးနှီး စကားပြောရစ်ကြဦး ငါသွားလိုက်ဦးမယ်"

ဌာနတာဝန်ခံအရာရှိသည် ပြောပြောဆိုဆိုနှင့် ဖယိုဒေါကို ထပ်မံ၍ လက်ဆွဲနှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။ ချီဇော့ဗ်ဆိုသူသည် ဖယ့်ဒေါကို ကျောပေးကာ အမဲဆီများကို လက်နှင့်ကော်၍ အင်ဂျင်

mgyoe.com

mgyoe.com


စက်ခေါင်းကို ပွတ်တိုက်နေလေသည်။

စတက်ရှာ တစ်ခါက အထင်ကြီး၍ ရင်းနှီးခဲ့ဖူးသော ချီဇော့ဗ်ဆို သူသည် ဤလယ်ထွန်စက်ဌာနတွင် အလုပ်လုပ်နေသည်ကို ဖယိုဒေါ သိရှိခဲ့ပြီးပင်ဖြစ်၏။ သို့ရာတွင် သူသည် ချီဇော့ဗ်နှင့် ယခုကဲ့သို့ တွဲဖက်၍ အဖွဲ့တစ်ဖွဲ့ထဲတွင် လုပ်ရန် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့မိပေ။ ယခုသော်မူ သူသည် မိမိအနားတွင် ရှိနေသည် ကိုပင် မသိသလိုလုပ်ကာ ကျောပေး၍နေသည်ကို တွေ့နေရပေပြီ။

"ဟေး ကိုယ့်လူ ခင်ဗျားမှာ နောက်ကျောပဲရှိသလား မျက်နှာမပါ ဘူးလား"

"ခင်ဗျားဘာလိုချင်လို့လဲ" ချီဇော့ဗ်သည် သုန်သုန်မှုန်မှုန်နှင့် လှည့် ၍ပြန်မေးလေသည်။

"ဘာရယ်လို့မဟုတ်ပါဘူးဗျ။ ဘယ့်နှယ်ဗျာ အချင်းချင်းတွေပဲဟာ ရင်းရင်းနှီးနှီး စကားလေးဘာလေး ပြောရတာပေါ့ဗျ။ ကျုပ်နာမည် ဖယို ဒေါလို့ခေါ်ပါတယ်"

ချီဇော့ဗ်သည် ဖယိုဒေါက မိတ်ဆက်သည့်သဘောနှင့် လှမ်းပေး သောလက်ကို ခေတ္တခဏမျှ တွေ၍ ကြည့်နေပြီးမှ စိတ်မပါ့တပါ့ဟန်နှင့် ဆွဲ၍ နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့... တွေ့ရတာဝမ်းသာပါတယ်။ ကဲ... ဒါပဲမဟုတ်လား"

"ဒီလိုလည်း ဘယ်ဟုတ်မလဲဗျာ။ ခင်ဗျားကလည်း စိတ်ရှည်ရှည် ထားမှပေါ့။ ယဉ်ယဉ်ကျေးကျေးပေါ့ဗျာ"

"နေပါဦး မယဉ်ကျေးလို့ ခင်ဗျားနဲ့ အဖက်မတန်ဘူးထင်ရင်လည်း ဘာလို့ ကျုပ်ကို စကားလာပြောနေသေးသလဲဗျို့"

ချီဇော့ဗ်သည် ပြောပြောဆိုဆိုနှင့် နောက်သို့ ချာခနဲလှည့်ကာ ဖယိုဒေါကို ကျောပေးနေလိုက်ပြန်လေသည်။

mgyoe.com

mgyoe.com


"ကဲပါဗျာ ခင်ဗျားလုပ်စရာရှိတာသာလုပ်ပါ။ ကျုပ်လည်း ရှေ့ဆိုရင် ခင်ဗျားနဲ့တွဲပြီး လုပ်ရကိုင်ရမှာပါပဲ။ ဒါထက် နေပါဦးဗျ။ ကားအင်ဂျင်တွေ ပြန်ပြီး စစ်ဆေးကြည့်တာ ဘယ့်နှယ်နေသလဲ။ တော်တော်ပြီးသွားပြီလား"

ချီဇော့ဗ်သည် ကျောပေးနေရာမှ ပခုံးတစ်ဖက်ကို မသိမသာ ပြန်လှည့်ရင်းက အလုပ်ရုံ၏ ခေါင်မိုးကို မှုန်တေတေ အောက်သိုးသိုး မျက်နှာနှင့် မော့ကြည့်လိုက်ပြီးမှ...

"ဒါမျိုးကတော့ ရိုးနေပါပြီဗျာ။ ကျုပ်တို့ အလုပ်လုပ်လို့ပြီးပြီလား။ ပြီးပြီဆိုရင် လာပြီး ဆရာလုပ်တတ်တဲ့ လူစားမျိုးတွေအကြောင်း ကျုပ်တို့ ကောင်းကောင်းကြီး သိပြီးသားပါ"

"ဩော်... အားလုံးပြီးကုန်ပြီလား။ ဒါဖြင့် အခုလုပ်နေတဲ့စက်က ဘယ်သူ့စက်လဲ"

"စက်နှစ်ခု ပြင်လို့ဆင်လို့ပြီးပြီဗျ။ ဒီတစ်ခုပဲကျန်တော့တယ် ဒါပဲ"

"ဩော်... ဒါပဲလား။ အင်း ဆောင်းလည်းကုန်ခါနီးပြီ။ မတ်လ တောင်ရောက်တော့မယ်။ ဒီမှာက လယ်ထွန်စက်နှစ်ခုပဲ ပြင်လို့ ပြီးသေးတယ်။ တစ်ခုက လက်ဖျားနဲ့တောင် မတို့ရသေးဘူး။ ဒီလိုဆိုရင် အခြေအနေ သိပ်မနိုပ်သေးဘူးထင်တယ်"

"ဒါတော့ ခင်ဗျားတို့ဆီမှာလို ကိရိယာတန်ဆာပလာမစုံဘဲကိုးဗျ"

"တိုင်ကီထဲမှာ ဓာတ်ဆီကောရှိသေးရဲ့လား"

"ရှိတော့ရှိတယ် ဒါပေမဲ့ နည်းနေလို့ ဓာတ်ဆီဆိုင်မှာ သွားထည့်ရဦးမယ်"

"ဒါဖြင့်လည်း သွားလိုက်ရအောင်လေ။ လုပ်ဗျာ စက်နှိုးပါ"

ချီဇော့ဗ်က ဘာမှပြန်မပြောချေ။

"ဩော်... ခင်ဗျား မောင်းလို့မဖြစ်ဘူးလား။ ကဲ ဒါဖြင့်လည်း

mgyoe.com

mgyoe.com


နည်းနည်းဖယ်ပေးဗျာ။ ကျုပ် တက်မောင်းခဲ့မယ်"

ဖယ်ပိုဒေါသည် ချီဇော့ဗ်နှင့် မတိုက်မိအောင် သတိထား၍ သူ့ဘေးမှကပ်ကာ လယ်ထွန်စက်ပေါ်သို့ တက်လိုက်သည်။ ပြီးမှ စက်နှိုးသော လက်တံကိုကိုင်ကာ တအားကုန်ဆွဲချ၍ စက်ကို နှိုးလိုက်လေသည်။ အင်ဂျင်မှစက်သံသည် ဂူးခနဲအော်မြည်၍ ဖုတ်ချက်ဖုတ်ချက်နှင့် အသံထွက်လာပြီး ဖြုန်းခနဲ အသံတိတ်၍ စက်လည်း ပြန်ရပ်သွားလေသည်။

"ဘယ့်နှယ့်လဲ စက်က ဘာဖြစ်နေတာလဲ"

"ဒါတော့ ခင်ဗျား စက်ဆရာပဲ ခင်ဗျားက ပိုသိမှာပေါ့"

"ဟုတ်တယ်ဟုတ်တယ် ခင်ဗျားပြောတာမှန်တယ်။ ကဲ စက်ခေါင်းက အဖုံးဖွင့်လိုက်စမ်းပါဗျာ"

ချီဇော့ဗ်သည် ဖယ်ပိုဒေါခိုင်းသည်ကို ဖြည်းဖြည်းလေးလေးနှင့် လုပ်ပေးလေသည်။ ဖယ်ပိုဒေါသည် အင်ဂျင်ကို တစ်ချက်မျှ ငုံ့၍ကြည့်လိုက်ပြီးမှ လေတစ်ချက်ချွန်လိုက်ကာ

"ကဲ… ကိုယ့်လူ ကျုပ်ဟာ လယ်ထွန်စက်မောင်းသမားတစ်ယောက်ပဲ။ မီးခိုးခေါင်းတိုင်ကို တံမြက်စည်းလှည်းတဲ့လူမဟုတ်ဘူး။ အဲဒီတော့ ဒီကားကို ဓာတ်ဆီသွားမထည့်ခင် ဒီအင်ဂျင်တစ်ခုလုံးကို ခေါင်းတုံးပြောင်အောင်ရိတ်ထားတဲ့ အဘိုးကြီးတစ်ယောက်ရဲ့ ခေါင်းတုံးလို ပြောင်လက်နေအောင် တိုက်ချွတ်သုတ်သင်ပေးမှဖြစ်မယ်။ ဘယ့်နှယ်လဲ ကျုပ်ပြောတာ နားလည်တယ်မဟုတ်လား ဘယ်လိုလဲ"

"အင်း… နားလည်ပါတယ်"

"ကဲ… ဒါဖြင့် လုပ်ဗျာ"

ဖယ်ပိုဒေါသည် သူ၏ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲသို့ နှိုက်ကာ စက်ပေါ်မှ ဆင်း၍ နောက်သို့ပင် လှည့်မကြည့်တော့ဘဲ ခပ်တည်တည်နှင့် ထွက်သွားလေသည်။ ပါးစပ်မှလည်း လေကလေး တရှိုရှို

mgyoe.com

mgyoe.com


နှင့် ချွန်သွားလိုက်သေး၏။

သူသည် လယ်ထွန်စက်ဌာနတွင် အခြား ဘာမျှ လုပ်စရာကိုင်စရာ မရှိတော့သော်လည်း အစစအရာရာ သိရှိထားလိုသဖြင့် မိနစ်လေးဆယ်ခန့်မျှ အချိန်ယူ၍ လှည့်လည်ကြည့်ရှုခဲ့လေသည်။ ပထမ စက်ပြင်သော ဝပ်ရှော့ရုံထဲသို့ ကြည့်ပြီးနောက် ရုံးခန်းသို့ သွားရောက်ကာ လက်နှိပ်စက်စာရေးမကလေးနှင့် စကားတစ်ခွန်းနှစ်ခွန်း ဝင်ပြောလေသည်။ စာရေးမကလေး၏အမည်မှာ မာရှန်ကာဟုခေါ်၍ နှင်းဆီရောင်ပအို့နီနီနှင့် ခွေဝိုက်ပျော့ပျောင်းလှသည့် ဆံပင်များဖြင့် ဖြူဖွေးချောမွတ်သည့် လည်တိုင်ကျော့ကလေးပေါ်တွင် ဆွဲကြိုးကလေးတစ်ကုံးဆွဲထားကာ ကြည့်ပျော်ရှုပျော်ရှိသူကလေးတစ်ယောက်ပင်ဖြစ်၏။

ဖယိုဒေါသည် ချီဇော့ဗ်၏ လယ်ထွန်စက်ရှိရာသို့ ပြန်ရောက်သောအခါ စက်ကိုသာတွေ့ရ၍ ချီဇော့ဗ်မှာမူ ပျောက်ချက်သားကောင်းနေပေသည်။ အင်ဂျင်စက်ခေါင်းမှာလည်း ပွင့်လျက်သားရှိနေ၍ ခပ်စောစောက ထားခဲ့သည့်အတိုင်း ညစ်ညစ်ပတ်ပတ်ပင်ရှိနေပြီး သံချေးတက်နေသည့် အကြိုအကြားများထဲတွင် မသပ်မရပ်နှင့် ပွတ်တိုက်ထားဟန်ရှိသော ဝွမ်းစများကိုသာ တွေ့ရလေသည်။

သူသည် ချီဇော့ဗ်ကို လိုက်၍ရှာရာ စက်ပြင်သော ဝပ်ရှော့ရုံထဲတစ်နေရာတွင် သွားတွေ့လေသည်။ ချီဇော့ဗ်သည် မီးဖိုအနီးရှိ တွင်ခုံတစ်ခု၏နောက်၌ ခပ်မှောင်မှောင်ရှိနေသည့်ချောင်ထဲတွင် ဆောင့်ကြောင့်ထိုင်ကာ ခပ်ငိုင်ငိုင်ဖြစ်နေလေသည်။ သူသည် သူ့ထံသို့လာနေသော ဖယိုဒေါအား လူမိုက်ဆန်ဆန်နှင့် စိုက်၍ ကြည့်နေလေသည်။ ဖယိုဒေါကမူ ခပ်တည်တည် ခပ်အေးအေးနှင့်ပင် သူ့အနား ဝင်ထိုင်လိုက်၏။ ထို့နောက် စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိ၍ ဖွာလိုက်ပြီးမှ အသံကိုနှိမ့်၍ လေးနက်တည်ငြိမ်စွာဖြင့် "ဘယ့်နှယ့်လဲဗျာ... ဘယ်လိုဖြစ်တာ

mgyoe.com

mgyoe.com


လဲ။ ကျုပ်တို့ဟာ ဒီလိုပဲ အမြဲအစေးမကပ်ဘဲ ခပ်တန်းတန်းနေသွားကြတော့မှာလား” ဟု မေးလိုက်လေသည်။

“ခင်ဗျား ဘာဖြစ်လို့ ကျုပ်နောက်ကို တကောက်ကောက်လိုက်နေရတာလဲဗျ။ ဘာကိစ္စရှိလို့လဲ။ ကျုပ်ဟာ ကျုပ်တစ်ယောက်တည်း ခဏတစ်ဖြုတ်တောင် အေးအေးဆေးဆေး ထိုင်မနေရတော့ဘူးလား။ ဟုတ်လား ကျုပ်ကို အမဲလိုက်သလို လိုက်နေဖို့ ခင်ဗျား ဒီလာနေဘာလား”

“ခေါင်းအေးအေးထားစမ်းပါဗျာ။ ခင်ဗျားတို့ ကျုပ်တို့ အလုပ်တူတွဲလုပ်ကြဖို့ဟာ ဒီနေ့တစ်ရက်တည်းမဟုတ်ဘူးဗျ။ နက်ဖြန်တစ်ရက်တည်းလည်းမဟုတ်ဘူး။ ကုန်ကုန်ပြောလိုက်မယ်ဗျာ။ တနင်္ဂနွေတစ်ပတ်တည်းအတွက်လည်းမဟုတ်ဘူး။ ရှေ့လျှောက် နှစ်ရှည်လများ အတူတွဲပြီး လုပ်သွားကြရမှာ။ အဲဒီတော့ ခင်ဗျားမလိုလားပေမဲ့ နောက်နောက်တုန်းက အာဃာတတွေကို ဆေးချိတ်ပစ်လိုက်စမ်းပါဗျာ။ ကျုပ်ကလည်း ခင်ဗျားနဲ့ ဒီအတိုင်း မရေမရာဖြစ်ပြီး အချိန်ကုန်မခံချင်ဘူး။ ဘယ့်နှယ်လဲ ကျုပ်ပြောတာ တကယ်ဆိုတော့ ခင်ဗျားထက် ကျုပ်မှာ ပိုပြီး စိတ်ထိခိုက်စရာရှိပါတယ်ဗျာ”

သူတို့နှစ်ယောက်အနီးတွင် လူများသည် ဥဒဟို သွားလာနေကြလေသည်။ သို့ရာတွင် မည်သူကမျှ ဂရုမပြုမိကြဘဲ အမှတ်မထင်ပင် သူတို့နှစ်ယောက်အနီးတွင် ဝင်၍ထိုင်ကာ ခပ်အေးအေး စကားစမြည်ပြောဆိုနေကြ၏။ သူတို့အားလုံး အမူအရာမှာ အမွေးဓာတ်များ ရရှိရန်နှင့် ဆေးလိပ်များ တစ်ဖွာနှစ်ဖွာသောက်ရန် ကိုယ့်အတွဲနှင့်ကိုယ် လာကြဟန်ရှိပေသည်။

“ခင်ဗျား ကျုပ်ကို ဒီလို စူးစူးစိုက်စိုက်နဲ့ ကြည့်နေစရာ မလိုပါဘူးဗျ။ ဒီလိုသာဆိုရင် ခင်ဗျား ဘယ်သူနဲ့မှ အဆင်ပြေမှာမဟုတ်ဘူး”

“ဘာလဲ ခင်ဗျားက ကျုပ်ကို ဟောက်နေတာလား။ ကျုပ်က

mgyoe.com

mgyoe.com



ဒီလိုပေါက်လို့ ကြောက်တဲ့ကောင်စားမျိုးမဟုတ်ဘူးဗျ"

"မဟုတ်ပါဘူး ခင်ဗျားကို ဘာမှ ပေါက်နေစရာမလိုဘူး။ ကျုပ်က ဒီကိစ္စကို အေးအေးဆေးဆေးနဲ့ ရှင်းရှင်းနှီးနှီး ဖြေရှင်းသွားစေချင်လို့ပါ"

ထိုအခိုက် အုပ်ချုပ်သူ တာဝန်ခံအရာရှိသည် ဓာတ်အားပေးရုံထဲမှ ရုတ်တရက် ထွက်လာလေသည်။ သူ၏ ဟနေသော ကုတ်အင်္ကျီသည် ဘေးနှစ်ဖက်သို့ တဖတ်ဖတ်လန်၍လာရာ တစ်ချက်မျှ ခေါင်းငဲ့၍ကြည့်လိုက်ရာ ဖယိုဒေါတို့နှစ်ယောက်ကို မီးဖိုဘေးနားတွင် လှမ်းမြင်လိုက်သည်။

"ဘယ့်နှယ်လဲ တော်တော်လေးနွေးသွားကြပြီလား" သူက ပြုံးကာ လှမ်းပြောလိုက်၏။

"မင်းတို့နှစ်ယောက်လည်း မိတ်ဖွဲ့နေကြတာနဲ့ အချိန်ကုန်လို့ ကုန်မှန်းတောင် မသိကြတော့ဘူးထင်တယ်"

"စကားကောင်းနေကြလို့ အမျှင်မပြတ်ဘဲ ဖြစ်နေကြတယ်" ဟု ဖယိုဒေါက ဝင်၍ တည်ငြိမ်စွာ ပြောလိုက်၏။

"အေး အေး ကောင်းပါတယ်ကွာ။ နည်းနည်းပါးပါး နွေးအောင်ခဏတစ်ဖြုတ်နေပြီး အလုပ်ပြန်ဆင်းကြပေါ့ ဟုတ်လား"

သူသည် ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားလေသည်။

ဖယိုဒေါသည် စီးကရက်တိုကို လက်နှင့် တောက်ပစ်လိုက်ပြီး နောက် ထိုင်ရာမှ ထလိုက်လေသည်။

"ကဲ... သွားကြစို့"

ချီဖော့ဗ်သည် ထိုင်ရာမှ ထလိုက်၏။ သူ၏ မျက်လုံးအစုံကမူ ကြမ်းပြင်သို့ စိုက်ကြည့်နေလေသည်။

❒

mgyoe.com

mgyoe.com

# (၅)

အိုမင်းယောင်းနွမ်းနေပြီဖြစ်သော စာသင်ကျောင်းအဆောက်အအုံသည် ကာဂိုရှိဒစ်ရှ်ချေးကျေးရွာ၏အပြင်ဘက် လယ်ထွန်စက်ဌာနနှင့် ဘေးချင်းယှဉ်၍ ရှိလေသည်။ ထိုကျောင်းကို စတင်ဆောက်လုပ်ခဲ့သူသည် ကလေးများအဖို့ နေရောင်ခြည်နှင့် လေကောင်းလေသန့်ရရန်လည်းကောင်း၊ အနီးအနားတစ်ဝိုက်တွင် မြက်ခင်းပြင်နှင့် သစ်ပင်များရှိရန်လည်းကောင်း လိုအပ်သည်ဟု ယုံကြည်ယူဆကာ ဤနေရာကို တမင်ရွေးချယ်၍ ကျောင်းဆောက်ထားခဲ့ဟန်တူလေသည်။ ကျောင်းအဆောက်အအုံမှာ ကြီးမားသော ပြတင်းပေါက်ကြီးများ၊ မြင့်မားလှသော မျက်နှာကြက်များဖြင့် လယ်ကွင်းများ၏အလယ်တွင် ကျရောက်နေပေသည်။ သို့ရာတွင် အဆီအငေါ်မတည့်ဖြစ်ခဲ့ရသည်မှာ ထိုကျောင်းကို ဆောက်လုပ်ခဲ့သူသည် ကလေးများအပေါ် ကြင်နာသောစိတ်ထားဖြင့် အထက်ပါအချက်အလက်များကို အသေးစိတ် စဉ်းစားခဲ့ရုံမျှမက မိဘကလေးများကိုပါ တစ်ပါတည်းထည့်၍ ပြုလုပ်ထားခဲ့ခြင်းပင် ဖြစ်လေသည်။ စာသင်ခန်းများမှာ ကြီးမားလှသော ပြတင်းပေါက်ကြီးများနှင့် မြင့်မားလှသော မျက်နှာကြက်များရှိသည့်နည်းတူ မိဘိုအဝိုင်းကလေး

mgyoe.com

mgyoe.com


များပါ ပါရှိနေပေသည်။ ထိုမီးဖိုကလေးများတွင် လူတစ်ယောက်၏ လက်သီးဆုပ်တစ်ခုပင် ဝင်အောင်သွင်း၍မရနိုင်သည့် တံခါးကလေးများ တပ်ဆင်ထားလေသည်။ သို့ဖြစ်ရာ နွေရာသီတွင် နေရောင်သည် ပြတင်းပေါက်များမှတစ်ဆင့် အရှိန်ပြင်းစွာကျရောက်လေ့ရှိရာ ထိုအခါမျိုးတွင် စာသင်ခန်းများမှာ မီးမြှိုက်ထားခြင်းခံရသကဲ့သို့ ပူပြင်းလှပေသည်။ တစ်ဖန် ဆောင်းရာသီသို့ ရောက်ပြန်လျှင်လည်း ဤအဆောက်အအုံမှာ ရေခဲတိုက်တမျှ ခိုက်ခိုက်တုန်အောင် အေးစက်နေပြန်၏။ ထို့ပြင် ထူထပ်လှသောနှင်းပြင်ကို ဖြတ်ကျော်၍ ကျောင်းသို့ တစ်မျှော်တစ်ခေါ်ကြီး လာရသည်မှာလည်း ကလေးများအဖို့ မလွယ်ကူလှပေ။ သို့နှင့်ပင် ဤကျောင်းကို စတင်ဆောက်လုပ်ခဲ့သူ၏ စေတနာမှာ ဝေဒနာဖြစ်ရလေပြီးလျှင် ကျောင်းဆရာများနှင့် ပညာရေးဌာန၏ ပြစ်တင်ကျိန်ဆဲခြင်းကို သူ့ခမျာ အခြောက်တိုက်ခံခဲ့ရပေသည်။ ထိုသို့ ပြစ်တင်ကျိန်ဆဲခြင်းမှာ နောက်ဆုံး၌ ရွာလယ်တွင် ကျောင်းသစ်တစ်ခု ဆောက်လုပ်ပြီးစီးမှသာ လျှင် အဆုံးသတ်ခဲ့လေတော့၏။ ကျောင်းသစ်မှာ ရိုးရိုး နှစ်ထပ်အဆောက်အဉီကလေးတစ်ခုပင်ဖြစ်၍ ပြတင်းပေါက်များနှင့် မျက်နှာကြက်များမှာလည်း ခပ်ရိုးရိုးပင်ဖြစ်သည့်ပြင် မီးဖိုများမှာ ကောင်းမွန်ကျနစွာ ပြုလုပ်ထားလေသည်။ ကျောင်းဟောင်းကိုမူ လယ်ထွန်စက်ဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်၏။ လယ်ထွန်စက်ဌာနကလည်း ထိုအဆောက်အဉီး၏တစ်ဝက်ကို တာဝန်ခံအုပ်ချုပ်သူနှင့် စက်ပြင်ဆရာများနေထိုင်ရန် သတ်မှတ်၍ ကျန်တစ်ပိုင်းကိုမူ လယ်ထွန်စက်မောင်းသမားများနေထိုင်ရာ အဆောင်အဖြစ် ပြုလုပ်ပေးလေသည်။

ယခင်က စာသင်ခန်းများ၏ ပြင်ဘက် ဝရန်တာတစ်လျှောက်တွင် ယခုအခါ ကျယ်ကျယ်ပြန့်ပြန့်နှင့် စက်ဆီ၊ အမဲဆီများ ပေကျံနေသော ခုတင်များ အစီအရီ ရောက်နေလေသည်။ ထိုခုတင်များ၏အလယ်တွင်

mgyoe.com

mgyoe.com


ခေတ်ဆီထည့်သော စည်ပိုင်းအဟောင်းတစ်လုံးကို မီးဖိုအဖြစ် ယာယီ ပြုလုပ်ထားသည်ကို တွေ့ရ၏။ စည်ပိုင်းနှင့် တစ်ဆက်တည်း အနက် ရောင်ပိုက်လုံးတစ်ခုကိုလည်း မျက်နှာကြက်တစ်လျှောက် ဆက်၍ သွယ် တန်းထားသည်ကို တွေ့မြင်ရပေသည်။ မကြာမီကမှ ဝယ်လာခဲ့သော မွေ့ရာအသစ်များကိုလည်း ခုတင်များပေါ်တွင် အသီးသီး တွေ့နေရ၏။ သို့ရာတွင် ခေါင်းအုံးများကား မရှိသေးပေ။ တာဝန်ခံအုပ်ချုပ်သူ မန်နေဂျာသည် ခေါင်းအုံးများပြုလုပ်ရန် ငှက်မွေးများ ဝယ်ခိုင်းထားပြီဟု သိရလေသည်။

ဖယိုဒေါသည် တစ်နေ့လုံးလုံး စတက်ရှာကိုသော်လည်းကောင်း၊ အိမ်ကိုသော်လည်းကောင်း တစ်ခါမှ စိတ်ထဲတွင် သတိမရမိအောင် ဖြစ်နေခဲ့လေသည်။ သို့ရာတွင် ခေါက်၍လိပ်ထားသော သူ၏ကုတ်အင်္ကျီ ပေါ်သို့ ခေါင်းတင်၍ လှဲချကာ နံရံနှင့် မျက်နှာကြက်တစ်လျှောက် မီးခိုးထွက်ရန် သွယ်ထားသော ပိုက်လုံးနှင့် ၎င်း၏ အချိုးအဆက်မကျဘဲ ထင်ဟပ်နေသောအရိပ်ကို စိုက်၍ ကြည့်နေရာမှ

"ဒီနေ့မှ တနင်္လာနေ့ပဲ ရှိပါသေးလား"

ဟု တွေးမိကာ ကိုယ်ရောစိတ်ပါ အားလျော့သလို ဖြစ်သွားမိ၏။ နောက် တနင်္ဂနွေရောက်အောင် ကြားတွင် ၅ ရက်လုံးလုံး စတက်ရှာ ကိုသော်လည်းကောင်း တွေ့ရမြင်ရဦးမည်မဟုတ်သေးပေ။

ပြတင်းပေါက်တွင် ယှက်သန်းနေသော ရေခိုးရေငွေ့များကြောင့် အပြင်ဘက်၌ ည၏ အမှောင်ကိုသာလျှင် မြင်နေရပေသည်။ တစ်ထောင့် တွင်မူ လူတစ်ယောက်သည် လက်ဆွဲဘာဂျာဖြင့် သီချင်းတစ်ပုဒ်ကို ထပ်ကာထပ်ကာ တီးနေလေသည်။ တချို့သော ဒရိုင်ဘာများမှာ စားပွဲ တွင်ထိုင်ကာ ညစာစားနေကြဆဲပင်ဖြစ်၍ တချို့မှာလည်း ကျပ်ခိုးများ ဖြင့် မည်းညစ်နေသော လက်ဖက်ရည်ကရားမှ လက်ဖက်ရည်များ

mgyoe.com

mgyoe.com


ကို သူတို့၏ မတ်ခွက်များထဲသို့ ငှဲ့နေကြပေသည်။ သည်လိုအချိန်မျိုးဆို လျှင် စတက်ရှာသည် ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ သူမ၏ သိပ် သည်းလှသော ခေါင်းမှ ဆံပင်များကို ဖြီးရင်းနှင့် တစ်ယောက်တည်းရှိနေ ရှာပေမည်။ ရေဒီယိုမှာလည်း သူ့နေရာတွင်သူ ရှိနေပေမည်။ ဆေး မသုတ်ဘဲ သန့်သန့်ရှင်းရှင်း တိုက်ချွတ်ထားသည့် ကြမ်းပြင်ပေါ်မှ ခြေနင်းဖုံကိုလည်းကောင်း၊ ပြတင်းပေါက်မှ ခန်းဆီးကိုလည်းကောင်း၊ ရော်ဘာပင် အပုကလေးကိုလည်းကောင်း အားလုံးကို မျက်စိထဲတွင် တစ်ခုပြီးတစ်ခု မြင်ယောင်နေမိသည်။ ဤသို့ သက်သက်သာသာနှင့် စည်းစိမ်ရှိလှသည့် သူ့အိမ်တွင်သာဆိုလျှင် ယခုအချိန်တွင် မှန်အိမ်မှ မီးအရောင်နှင့် နွေးနွေးထွေးထွေးရှိလှပေမည်။

"အင်း... အခုမှသတိရတယ်။ နက်ဖြန် မှန်အိမ်အတွက် မီးအုပ် ဆောင်းလေးတစ်ခု ဝယ်ဦးမှပဲ" ဟု တွေးမိကာ

"နက်ဖြန် ဆိုင်တွေ အနှံ့လျှောက်ကြည့်ပြီး အလှပြထားတာတွေထဲ က အကောင်းဆုံးရွေးဝယ်မှပဲ" ဟု စိတ်ပိုင်းဖြတ်နေမိသည်။

သို့သော် နောက်တစ်နေ့တွင်ကား သူသည် ဘယ်ဆိုင်အနားမှ ရောက်မသွားခဲ့ပေ။ ရွာမှ ဒရိုင်ဘာသုံးယောက် နောက်ထပ် ရောက်လာ သဖြင့် အင်ဂျင်စက်တစ်လုံးကိုဖြုတ်ကာ ဆေးကြောအရောင်တင်နေရ သဖြင့် တစ်နေ့လုံး အချိန်ကုန်သွားခဲ့ရပေသည်။ ဖယိုဒေါသည် အဆိုပါ ဒရိုင်ဘာများကို ဦးစီး၍ အစစအရာရာ ညွှန်ကြားလုပ်ကိုင်ရလေရာ ယမန်နေ့က အဖြစ်အပျက်သည် သူ့နောက်ကျောမှနေ၍ အရိပ်ပမာ ပေါ်လာမိသေး၏။ သို့ရာတွင် အလုပ်တွင် စိတ်ဝင်စားနေသဖြင့် ထို အကြောင်းကို ခေါင်းထဲတွင် ကြာကြာမထားနိုင်ဘဲ ထုတ်ပစ်လိုက်ရသည်။

ချီဖော့ဗ်သည်လည်း ခေါင်းမဖော်ဘဲ တိတ်တိတ်ဆိတ်ဆိတ် လေးလေးကန်ကန်နှင့်ပင် လုပ်စရာရှိသည် ဝင်လုပ်လေသည်။ သို့ရာ

mgyoe.com

mgyoe.com


တွင် သူသည် ယမန်နေ့ကလို မဟုတ်တော့ဘဲ ခိုင်းသမျှကို မရှက်မကြောက် လ္လန္ဒြေရရနှင့်ပင် လုပ်ပေးသည်ကို တွေ့ရလေသည်။

သူတို့ပြင်နေကြသော လယ်ထွန်စက်မှာ မသုံးဘဲ ပစ်စလက်ခတ်ထားခဲ့သော်လည်း တစ်နှစ်မျှသာ အသုံးပြုခဲ့ရသေးသည်ဟု သိရ၍ နည်းနည်းပါးပါးပြင်ဆင်ပြီး ဆေးကြောသုတ်သင်ကာ ဘဲယားရင်းခေါ် ကိရိယာများ လဲပေးလိုက်လျှင် ပြန်သုံးနိုင်မည်ဖြစ်ပေသည်။

ချီဇော့ဗ်၏ လေးတိလေးကန် လုပ်နေပုံများနှင့် ပတ်ဝန်းကျင်၌ လူစိမ်းများချည်း ဖြစ်နေခြင်းသည် ဖယိုဒေါအား အိမ်ကို သတိမရ မနေနိုင်အောင် လှုံ့ဆော်ပေးသလို ဖြစ်နေပေသည်။ တစ်နေ့တာမျှ အလုပ်လုပ်ပြီး အိမ်သို့ ညနေအချိန်တန်လျှင် ပြန်ရပါမူ မည်မျှကောင်းလေမည်နည်း။ သို့နှင့်ပင် ဖယိုဒေါသည် အိမ်တွင် ကျန်ရစ်ခဲ့သော ဇနီးသည်အား အမြဲတမ်းပင် မဟုတ်သော်လည်း ရံဖန်ရံခါ သတိရအောက်မေ့ခြင်းဖြင့် သံယောဇဉ်နှောင်ကြိုးကလေးများ၏ ရစ်ပတ်ခြင်း ခံရစပြုပေပြီ။

"ရဲဘော်ဖယိုဒေါ"

နောက်မှ ခေါ်သံကြားသဖြင့် ဖယိုဒေါသည် ရုတ်တရက် လှည့်ကြည့်လိုက်မိသည်။ သူ့နောက်တွင်ကား လက်နှိပ်စက်စာရေးမကလေး မာရှန်ကာရပ်နေသည်ကို တွေ့ရသည်။ သူမသည် ပါးနှစ်ဖက်ကို ရှဉ့်မွေးများတပ်ထားသော ကုတ်အင်္ကျီကော်လာနှစ်ခုကြားတွင် မြှုပ်ထားလေသည်။

"ရှင့်ကို တစ်ယောက်ယောက်က တွေ့ချင်လို့တဲ့" သူမက တိုတိုတောင်းတောင်းနှင့် ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ဟုတ်လား... ကဲ ဒီလိုဆို မင်းက ရှေ့ကသွားတော့ ကိုယ်လိုက်ခဲ့မယ်။ မင်းကသာခေါ်လို့တော့ ကမ္ဘာဆုံးအောင် လိုက်ရချင်လိုက်ရပါစေ"

"ဘာရယ်ရှင့်၊ ရှင် ဒီလိုပြောတာမျိုးကို ကျွန်မ မကြိုက်ပါဘူး။

mgyoe.com

mgyoe.com


အခု ရှင့်ကိုတွေ့ချင်လို့ လာစောင့်နေတာက ရှင့်အိမ်က မိန်းမရှင့်" မာရှန် ကာသည် ပြောပြောဆိုဆိုနှင့်ပင် ပခုံးနှစ်ဖက်ကို တစ်ချက်မျှ တွန့်ကာ ချာခနဲ လှည့်ထွက်သွားလေသည်။

စတက်ရှာသည် ရုံးခန်းထဲတွင် ထိုင်၍ စောင့်နေပေသည်။ သူမ သည် သက္ကလတ်ဖိနပ်အသစ်နှင့် ကုတ်အင်္ကျီအသစ်ကိုဝတ်ကာ အမွေးနု ခြုံတဘက်ကလေးကိုလည်း ခေါင်းပေါ်တွင် သိုင်း၍ သေသေသပ်သပ် နှင့် စည်းထားလေရာ ဖြူဖွေးသော နှာတံကလေးနှင့် နှင်းဆီရောင် ပါး ကလေးနှစ်ဖက်သာ တစ်ပိုင်းတစ်စ ပေါ်နေပေသည်။ သူတို့နှစ်ယောက် သည် တစ်ယောက်နှင့်တစ်ယောက် စိတ်ကိုထိန်းကာ ဣန္ဒြေရရ နှုတ် ဆက်ကြသည်။ အနီးအနားတွင် အခြားလူများရှိနေသည်မဟုတ်လား။

"ကျွန်မတို့ နို့ချက်စက်ရုံက လော်ရီကားတစ်စီး ဒီကိုလာလို့ ကြုံ တာနဲ့ ကျွန်မလည်း ခဏလိုက်လာခဲ့တာပဲ" စတက်ရှာသည် အနီးအနား တစ်ဝိုက်မှ လူများကို ရှက်နေပုံရသည်။

"အဲဒီကားက ဘာတွေလာပို့တာလဲ" ဖယိုဒေါက တစ်ဖန် တည် တည်ကြီးလုပ်၍ မေးနေပြန်သည်။ သူ့အသံမှာ ဤကိစ္စကို သေရေးရှင် ရေးပမာ သဘောထားသလိုဖြစ်နေပေသည်။

"ဘာမှမပါပါဘူး။ အလွတ်သက်သက်ပါပဲ။ နို့ဆီထည့်ဖို့သေတ္တာ တွေ လာယူတာပါ"

သူတို့နှစ်ယောက်သည် ဝင်းထဲသို့ ထွက်လာခဲ့ကြသည်။ စတက် ရှာသည် သူ၏ပခုံးကို အားပြုကာ မှီလိုက်လာလေသည်။

"မောင် စတက်ရှာတော့ မောင်နဲ့ခွဲနေရတာ သိပ်ပျင်းတာပဲ မောင် ရယ်။ လက်ထပ်ပြီးပြီးချင်း မောင်ကလည်း ခွဲပြီး ထွက်သွားတော့တာပဲ"

"ဒါတော့ကွယ် မောင့်ကိုယ်၌ကလည်း တနင်္ဂနွေနေ့ရောက်အောင် ဘယ်လိုလုပ်ပြီး အောင့်အည်းနေရမှန်းမသိအောင် ဖြစ်နေပြီ စတက်ရှာရဲ့

mgyoe.com

mgyoe.com


မင်းကမှ အိမ်ပြန်ရလို့ တော်သေးတယ်။ မောင်က တခြားခွဲနေရတဲ့လူ ဆိုတော့"

"ဒီလိုဆိုလည်း ဒီကထွက်လာပြီး အိမ်မှာ တစ်ပတ်လောက် ပြန်နေလို့ မဖြစ်ဘူးလားမောင်ရယ်။ မောင်ကလည်း လိုတာပါပဲ။ ချက်ချင်းဆို ချက်ချင်းပဲ ဒီထွက်လာတော့တာပဲ။ တကယ်ဆိုတော့ စတက်ရှာတို့ မောင်တို့နှစ်ယောက်ဟာ အားရအောင်တောင် အတူမနေလိုက်ရသေးပါဘူးမောင်ရယ်"

သူမသည် မျက်နှာကိုမော့ကာ ဖယိုဒေါအား စိုက်၍ ကြည့်နေရှာသည်။ သူမ၏အကြည့်မှာ လေးလေးနက်နက်နှင့် စူးစူးစိုက်စိုက်ရှိလှ၍ အပျိုဘဝတုန်းကလို ဖယိုဒေါသည် မိမ်ကို ဘယ်နည်းနှင့်မျှ ခွဲသွား၍ မဖြစ်ဟူသောသဘောမျိုး မတွေ့ရတော့ပေ။ သူသည် စကားပြောပြီးလျှင် အလုပ်ရှိရာသို့ ထွက်သွားပေတော့မည်။ သူမမှာ တစ်ယောက်တည်း ပျင်းရိငြီးငွေ့ဖွယ်ရာ ကျန်ရစ်ပေတော့မည်။ မိမိကွယ်ရာတွင် အခြားမိန်းမပျိုကလေးများကိုပင် ပိုးပန်းကောင်း ပိုးပန်းနေပေလိမ့်မည်။ "ယောက်ျားဆိုတာ ဘယ်တော့မှ စိတ်မချရဘူး" ဟူသော အတွေးကလေးများပင် ဝင်လာမိလေသည်။ ဖယိုဒေါမှာလည်း စတက်ရှာကို တွေ့ရသည့်အခိုက် ပွေ့ပိုက်၍ မသက်မသာရောင်သန်းနေသော သူမ၏ မျက်လုံးကလေးများကို အသာအယာနမ်းရှုပ်ကာ နှစ်သိမ့်လိုလှပေသည်။ သို့သော် အနီးအနားတစ်ဝိုက်တွင် လူသူလေးပါးရှိနေသော ဝင်းခြံ၏ အလယ်တွင် ထိုသို့ပြုမူရန် မသင့်ဟု ယူဆကာ အောင့်အည်းနေရလေသည်။

"ဟုတ်တယ်စတက်ရှာ၊ တကယ်ဆိုတော့ မောင်ဟာ စိတ်မြန်ကိုယ်မြန်လုပ်မိတာပါပဲ။ အမှန်က မောင်တို့နှစ်ယောက်ဟာ ခဏတစ်ဖြုတ်လောက်ပဲဖြစ်ဖြစ် အတူနေကြဖို့ ကောင်းပါသေးတယ်"

သူတို့နှစ်ယောက်သည် တစ်နာရီနီးပါးမျှ ဝင်းခြံအတွင်း၌ ခေါက်

mgyoe.com

mgyoe.com


တို့ခေါက်ပြန် လမ်းသျှောက်ရင်း အသေးအဖွဲကိစ္စကလေးများကို ရေးကြီးခွင်ကျယ်လုပ်ကာ စကားမရှိစကားရှာ၍ ပြောနေမိကြသည်။ သူတို့ပြောကြသည့် စကားထဲတွင် မှန်အိမ်မှ မီးအုပ်ဆောင်းကလေးအကြောင်းလည်းပါ၏။ အစာမစားဘဲ ဖျားနေသော ဝက်ကလေးအကြောင်းလည်းပါ၏။

ညနေဘက်တွင် ဖယိုဒေါသည် မန်နေဂျာ၏ရုံးခန်းသို့ သွားကာ တနင်္ဂနွေတစ်ပတ်မျှ အလုပ်မှခွင့်ပေးရန် ပြောကြားလေတော့သည်။

"သြော်... အိမ်မှာ ဇနီးသည်ကလေးရှိနေလို့ထင်တယ် ဟုတ်လား" မန်နေဂျာက မျက်လုံးကို မှိတ်တုတ်မှိတ်တုတ် လုပ်ကာမေးလေသည်။

"အိမ်မှာ မိန်းမ ရှိလို့မရှိလို့ရယ် မဟုတ်ပါဘူး။ ကျွန်တော်လုပ်စရာရှိတာတွေလည်း လုပ်ကိုင်ပြီးနေလို့ပါ။ လောလောဆယ် တခြားအလုပ်တွေလည်း သိပ်လုပ်စရာ မရှိလှသေးပါဘူး"

"ငါက မင့်ကို ရှိဘာနော့ဗ်ရဲ့အဖွဲ့မှာ ခေါင်းဆောင်အဖြစ်နဲ့ တာဝန်ပေးမလို့ စဉ်းစားနေတာ။ အဲဒီအဖွဲ့မှာဆိုရင် အစစအရာရာ မင်းနဲ့အတော်ပဲ။ လယ်ထွန်စက်တွေကလည်း အသစ်တွေဆိုတော့"

"ခင်ဗျာ..."

"ကဲပါလေ ထားပါတော့။ ငါသိပါပြီ။ မင်း အိမ်ပြန်ချင်လည်းပြန်တာပေါ့။ ဒါပေမဲ့ မင်း အဲဒီမှာပဲ အလုပ်လုပ်ရလိမ့်မယ်။ မင်း အဲဒီဆူကိုဗလီနိုဗိုလယ်ကွင်းရဲ့ တာဝန်ခံကို သိရဲ့လား"

"ဗာဗရာစတက်ပါနိုဗ်နာကို ပြောတာလား။ ကျွန်တော် ဒီအမျိုးသမီးအကြောင်း ခဏခဏပြောသံကြားဖူးပါတယ်။ ဒါပေမဲ့ လူချင်းတော့ မတွေ့ဖူးသေးပါဘူး"

"သူလည်း အလုပ်ကို တကယ်ကြိုးကြိုးစားစားလုပ်တဲ့ အမျိုးသမီးတစ်ယောက်ပဲ။ အမြဲတမ်း အလုပ်ကို စိတ်ဝင်စားနေတာပဲ။ ဒါပေမဲ့

mgyoe.com

mgyoe.com


အဲဒီမှာလည်း ဒီလိုပဲ အခြေအနေ သိပ်မကောင်းလှဘူး။ အဲဒီက လယ်ထွန်စက်တွေဆိုရင် နှစ်တိုင်းထက် မနှစ်က ပိုပြီး လယ်ကွင်းထဲမှာ ဒီအတိုင်းပစ်ထားရတယ်လို့ ကြားတာပဲ။ အမှန်ကတော့ ဒါဟာ ဒရိုင်ဘာတွေရဲ့အပြစ်လို့ ဆိုရမှာပဲ။ ဒါကိုတော့ ငြင်းလို့မရဘူး။ ခက်တာက ကောင်ကလေးဟွေဟာ ၈ နှစ်လောက် သင်တန်းတက်ပြီး ဆင်းလာတယ်ဆိုရင် သူတို့ကိုယ်သူတို့ ဟုတ်လှတယ်ထင်ပြီး ထင်ရာလျှောက်လုပ်တော့တာပဲ။ ဒါကို ဗာဗရာအနေနဲ့ မျက်ခြည်မပြတ်အောင် စောင့်ကြည့်ပြီး စနစ်တကျနဲ့ သေသေသပ်သပ်ဖြစ်အောင် ထိန်းပေးဖို့လိုတယ်။ ငါလည်း အဲဒီမရောက်တာတော့ ကြာပါပြီ။ ဒါပေမဲ့ ဗာဗရာဟာ အဲဒီက ဒရိုင်ဘာတွေကို သိပ်သဘောမကျဘူးလို့တော့ ကြားတာပဲ။ ပြီးတော့ နွားတင်းကုပ်နားမှာ မြေသြဇာလုပ်ဖို့စုထားတဲ့ သစ်ဆွေးမြက်ဆွေးတွေ အပုံလိုက်အပုံလိုက်ရှိတယ်။ အဲဒါတွေလည်း လယ်ကွင်းထဲကို ယူသွားဖို့လိုတယ်။ မြင်းတွေကိုချည်း အားကိုးနေလို့ ဖြစ်မှာမဟုတ်ဘူးကွ။ အဲဒီတော့ မင်းရောက်ရင် ဒါတွေကိုကြည့်ပြီး စီစဉ်ပေးရမှာပဲ။ ဒါပေမဲ့ မင်းဒီမှာရှိတဲ့စက်ကို ပြင်မပြီးသေးရင်တော့ သွားခွင့်မပြုနိုင်သေးဘူးဟေ့။ အဲဒါ မင်းသဘောကျကျမကျကျ ငါ့မှာလည်း ငါ့စိတ်ကူးနဲ့ ငါ့အစီအစဉ်နဲ့ လုပ်ရမှာပဲ"

ဖယိုဒေါသည် အိပ်ဆောင်သို့ ပြန်ရောက်သောအခါ ချီဇော့ဗ်တစ်ယောက်မှလွဲ၍ အားလုံး အိပ်ပျော်နေကြသည်ကို တွေ့ရ၏။ ချီဇော့ဗ်သည် ကြက်ဥပြုတ်များကို ဆားဖြင့်တို့ရင်း ညစာ စားနေလေသည်။

ဖယိုဒေါသည် သူ့ဇနီးယူလာသော စားစရာသောက်စရာများကို အထုပ်ထဲမှယူ၍ တစ်ခုစီ စားပွဲပေါ်သို့ တင်လိုက်သည်။ ဒိန်ခဲတုံးများ၊ ခပ်ပါးပါးလှီး၍ ကြော်ထားသောအမဲသားများနှင့် အခြား ဖွယ်ဖွယ်ရာရာ စားစရာများဖြင့် စုံလှပေသည်။

mgyoe.com

mgyoe.com


"ကရားထဲကရေနွေး ပူသေးရဲ့လားဗျ" ဖယိုဒေါက လှမ်းမေးလိုက်သည်။

"မပူတော့ဘူး အေးကုန်ပြီ"

"အဲဒါဆိုးတာပဲဗျို့။ ကဲ လာဗျာ စားပါဦးလား။ ခင်ဗျားစားချင်မှလည်း စားဗျနော်။ ကျုပ်ဆီက စားစရာသောက်စရာတွေ စားမိလို့ ခင်ဗျားမှာ တစ်ခုခုဖြစ်မယ်ထင်ရင်လည်း မစားနဲ့ပေါ့ဗျာ"

"တော်ပါပြီ ကျေးဇူးတင်ပါတယ်"

"ကဲ ဒီမယ် ကိုယ့်လူ ခင်ဗျား ဒီလို ဘုကျကျအချိုးမျိုး ဘယ်တော့ ပျောက်မှာလဲ။ ခင်ဗျား ဘယ်အပေါက်ချိုးချိုး ကျုပ်အပေါ်မှာ ဗိုလ်ကျလို့တော့ ရမှာမဟုတ်ဘူးဗျ။ ကဲ... အခု ခင်ဗျား ညစာကို ဒီအချိန်မှ လာစားတယ်။ စောစောက တစ်နေရာရာ သွားနေတယ်မဟုတ်လား"

ချီဇော့ဗ်သည် မျက်နှာတစ်ချက်ပျက်သွားလေသည်။

"ရုပ်ရှင်သွားကြည့်တာပါ"

"တစ်ယောက်တည်းလား"

"မဟုတ်ပါဘူး သူငယ်ချင်းတွေနဲ့ပါ"

အမှန်မှာ ဤသို့မဟုတ်ပေ။ သူသည် ရုပ်ရှင်သို့ မာရှန်ကာနှင့်အတူ သွားကြည့်ခဲ့ကြခြင်းဖြစ်၏။ သူမက သူနှင့် တစ်ညနေလုံး လျှောက်သွားရင်း အဖွဲ့ခေါင်းဆောင်အသစ်ဖြစ်သော ဖယိုဒေါသည် မည်မျှ ဆိုးသွမ်းသည်၊ ယုတ်မာကောက်ကျစ်သည်၊ ရွံစရာကောင်းသည် စသည်များကို အတင်းပြောလွှတ်လိုက်သည်။

ထိုညက သူတို့နှစ်ယောက်သည် ခုတင်ချင်းယှဉ်၍ အိပ်ကြရလေသည်။

mgyoe.com

mgyoe.com

## (၄)

ဖယိုဒေါနှင့် သူ၏ ယောက္ခမအဘိုးကြီးတို့သည် ရေနွေးနှင့် ရေချိုးကြပြီးနောက် အိမ်တွင်းဖြစ်ဘီယာ အနည်းငယ်စီ သောက်ခဲ့ကြသည်။ ထို့နောက် ဖယိုဒေါသည် အိပ်ရာထဲတွင် လှဲ၍ စာဖတ်နေလေသည်။

သူသည် သန့်ရှင်းဖြူဖွေးနေသော အိပ်ရာပေါ်တွင် လှဲရင်း ဖိမ်ကျနေပေသည်။ ခေါင်းရင်းရှိ မှန်အိမ်မှ တရှိုရှိုနှင့်မြည်နေသော အသံသည် သာယာညင်းပျောင်းစွာ ထွက်ပေါ်နေပေသည်။ သူသည် လည်ပင်းအောက်မှ ခေါင်းအုံးစွပ်သည် အေးမြနေသည့်ပြင် သန့်ရှင်းသင်းပျံ့သော အနံ့အသက်ကလေးများပင် ပေါ်ထွက်နေလေရာ နှင်းနံ့နှင့်ပင် တူသေးတော့၏။ တကယ်ဆိုတော့ ကိုယ့်အိမ်ကိုယ့်ရာဆိုသည်မှာ သာယာမှုတစ်မျိုးပါတကား။

ဖယိုဒေါသည် စာဖတ်နေရာမှ ခေါင်းကို အသာကြွကာ နားစွင့်လိုက်၏။ တံခါးက အသံပဲလား။ စတက်ရှာပဲလာနေသလား။ "ကဲ... ညစာစားရအောင် ထတော့လေ၊ တကတည်း စာအုပ်နဲ့ မျက်နှာနဲ့ကို မခွာတော့ဘူး" ဟူ၍ လာပြောပေတော့မည်။ သူမ၏အသံမှာ ဆူသံလိုလို မူသံလိုလိုနှင့် အိမ်ရှင်မတစ်ယောက်လေသံမျိုးပင်ဖြစ်သည်။ သို့သော်

mgyoe.com

mgyoe.com


အမှန်စင်စစ် ဘာသံမျှ မကြားရသေး။ သူမသည်လည်း တကယ် ရောက် မလာသေးပေ။ ဖယိုဒေါသည် စိတ်ကူးယဉ်နေရာမှ ပြန်လှဲကာ စာအုပ်ကို ပြန်ဖတ်နေလိုက်သည်။

အကယ်၍သာ တစ်ယောက်ယောက်က ဖယိုဒေါအား "ဘယ် စာရေးဆရာတွေ အကြိုက်ဆုံးလဲ" ဟုမေးလာပါက "တော်လ်စတွိုင်နဲ့ ချက်ကော့ဗ်" ဟူ၍ သူက အဖြေပေးပေလိမ့်မည်။ ဒါမှမဟုတ် သူသည် ဂဝ်စတာဗ်ဖလောဘတ်အကြောင်းကို ကောင်းကောင်းဖတ်ထားသည်နှင့် အမျှ အားရဂုါးရ ပြောပြပေလိမ့်မည်။ သို့သော် ဤသို့ပြောပြခြင်းမှာ ပြောရုံသက်သက်မျှသာဖြစ်၏။ အမှန်စင်စစ်ဆိုရလျှင် သူသည် ဒူးမားစ် နှင့် ဂျူလီစ်ဗန်းကို ပို၍ အနှစ်သက်ကြီး နှစ်သက်သူတစ်ယောက်ဖြစ်ပေ သည်။

မှန်အိမ်မှ တရှိုရှိုမြည်သံသည် သာသာယာယာပင် ကြားနေရ၏။ ငါးမန်းကြီးများသည် မှန်ရိပ်ထဲတွင် ကူးခပ်နေကြရာမှ လှေထဲသို့ ငုံ့ ကြည့်နေကြဟန်တူပေသည်။ တစ္ဆေသူရဲများနှင့်တူသော ငါးခူကြီးများ သည် အစိမ်းရောင်ပေါက်နေသော ရေထဲတွင် မျောပါနေကြသည်။ စတက်ရှာသည် ထမင်းချက်မီးဖိုချောင်မှာပင် ရှိနေသေးဟန်တူသည်။ ဧည့်ခန်းထဲမှာ ခဏတစ်ဖြုတ် မီးလုံ့ပြီးမှ လာမှာထင်ပါရဲ့။ လာရင်တော့ သူ့မျက်နှာကလေးဟာ ရက်သွေးဖြာပြီး ပူပူနွေးနွေးကလေးဖြစ်နေမှာပဲ။ ဒါထက် အခုအချိန်အထိ ဘာတွေများ လုပ်နေသလဲမသိပါဘူး။

မည်သို့ပင်ဖြစ်စေ အိမ်တွင် နေရထိုင်ရသည်မှာ တကယ့်စည်းစိမ် ပင်တည်း။ အိမ်မှ ခွဲခွာသွားပြီး လယ်ထွန်စက်ဌာနတွင် အလုပ်သွားလုပ် ရင်း အဆောင်ပေါ်မှ ခုတင်များနှင့် အစီအရီအိပ်ရသည်မှာလည်း တကယ်ဆိုတော့ မဆိုးလှပေ။ ကောင်းပင် ကောင်းနေပေသေးသည်။ အကယ်၍သာ အိမ်မှာ အမြဲတမ်းနေကာ နူးညံ့လှသော ခေါင်းအုံးများ၊

mgyoe.com

mgyoe.com


သန့်ရှင်းသော စားပွဲခင်း၊ ဖိမ်ကျလှသော မွေ့ရာ စသည်များ နေ့စဉ် မြင်တွေ့အသုံးပြုနေရပါမှု ကြာလျှင် ငြီးငွေ့လာဖွယ်ရာရှိ၏။ ယုတ်စွအဆုံး၌ ချစ်ဇနီး စတက်ရှာကိုပင်လျှင် နေ့စဉ် မြင်တွေ့နေရပါက ကြာလျှင် ခပ်ပေါ့ပေါ့ဖြစ်လာစရာရှိပေသည်။ သို့ဖြစ်ရာ စက်ပြင်သောဌာနတွင် တနင်္ဂနွေတစ်ပတ်မျှ သွားရောက်နေထိုင်ပြီး မာကျောလှသည့် မွေ့ရာကြီးများပေါ်တွင် အိပ်ကာ ရှက်သွေးဖြာနေသော စတက်ရှာ၏ မျက်နှာကလေးကို ပြန်ပြောင်းအောက်မေ့ရခြင်းသည်လည်းကောင်း၊ သန့်သန့်ရှင်းရှင်းနှင့် ရိုးရိုးကြီး ချုပ်၍စွပ်ထားသော ခေါင်းအုံးစွပ်နှင့် အိပ်ရခြင်းသည်လည်းကောင်း အစစအရာရာ အရသာတစ်မျိုးဟု ဆိုရပေမည်။ တကယ်ဆိုတော့ ကြမ်းပေါ်တွင် ဖျာခင်း၍ အိပ်လိုက်ရခြင်းပင်လျှင် အရသာတွေ့သည့်အခါ တွေ့တတ်သည်မဟုတ်ပါလား။ ကိုယ့်အိမ်ကိုယ့်ရာဆိုသည်မှာလည်း စည်းစိမ်တစ်မျိုးပင် ဖြစ်သည်တကား။

ဖယိုဒေါသည် စာအုပ်ကို သူ၏ရင်ဘတ်ပေါ်တွင် တင်ထားရင်းက မျက်နှာကြက်ကိုကြည့်ကာ ပြုံးပြုံးကြီးဖြစ်နေမိ၏။

စတက်ရှာသည် သက္ကလတ်ဖိနပ်ကို စီးထားရာမှ ညင်သာစွာလှမ်း၍ အိပ်ခန်းတွင်းသို့ အသံမကြားရအောင် ဝင်လာလေသည်။

"ကဲ... လာလေ ထတော့ ညစာစားရအောင်"

ဖယိုဒေါသည် မည်သို့မျှ ပြန်မပြောချေ။ သူမျက်နှာပေါ်တွင် နူးညံ့ညင်သာသော ပြုံးယောင်ကလေးတစ်ခု ယှက်သန်း၍ ဦးခေါင်းမှ ဆံပင်အခွေကလေးများသည် နဖူးပေါ်သို့ လိပ်၍ ကျနေကြလေသည်။ သူသည် အိပ်ပျော်နေပေပြီ။

□

mgyoe.com

mgyoe.com

# (၇)

ဝင်းတံခါးမှ အိမ်ရှေ့တံခါးမကြီးဆီသို့ လာသော လမ်းကလေး ပေါ်တွင် ကျနေရောက်နေခဲ့သော နှင်းခဲများကို ဖယ်ရှားပြီးပြီဖြစ်၍ ရေခဲ များကိုလည်း ရေတွင်းပတ်ပတ်လည်မှ ဆားသို့ ကော်ထုတ်ပြီးပြီဖြစ်၏။ ဖယိုဒေါ၏ ယောက္ခမကြီးဖြစ်သော စီလန်တီသည် လက်ထဲတွင် ပုဆိန် ကို လက်မှကိုင်ကာ ဝင်းခြံထဲတွင် ရပ်နေလေသည်။ သူသည် သူ့ခေါင်း ပေါ်တွင် ဆောင်းထားသော အမွေးစုတ်ဖွားဖွားဖြစ်နေသည့် ကက်ဦးထုပ် အောက်မှနေ၍ ဝင်းတံခါးကြီးပေါ်တွင်ရှိနေသော သစ်သားဘားတန်းကို လှမ်းကြည့်နေလေသည်။ သူ့ခြေရင်းတွင်လည်း ထင်းရှူးသားတုံး ခပ် ရှည်ရှည်တစ်ခုကို တွေ့မြင်နေရပေသည်။

အချိန်မှာ နံနက်စောစောစီးစီးပင် ရှိနေသေး၏။ သို့ရာတွင် အဘိုး ကြီးသည် နှင်းခဲများကို ဖယ်ရှားပြီးပြီဖြစ်၏။ ရေတွင် ပတ်ပတ်လည်မှ ရေခဲများကိုလည်း ရှင်းလင်းပစ်ခဲ့ပြီးပြီဖြစ်၍ ယခုဆိုလျှင် ဝင်းတံခါးကြီး ပေါ်မှ ဆွေးမြည့်၍ ယိုင်နဲ့နေသော သစ်သားဘားတန်းအဟောင်းကြီးကို အသစ်နှင့်လဲရန် စဉ်းစားနေခိုက်ပင်ဖြစ်လေသည်။ အိမ်ထဲ၌ အိပ်ရာမှ နိုးလာပြီဖြစ်သော ဖယိုဒေါမှာလည်း မ်မ်အိပ်ရာမှ မထမီ အဘိုးကြီးက

mgyoe.com

mgyoe.com


အရင်ထ၍ စောစောစီးစီး အလုပ်များလုပ်နေသည်ကို မြင်ရသောအခါ စိတ်ထဲတွင် မသိုးမသန့် ဖြစ်မိလေသည်။

ယခုကဲ့သို့ ဖယိုဒေါ်စိတ်ထဲတွင် အဘိုးကြီးနှင့်ပတ်သက်၍ မသိုးမသန့်ဖြစ်ရသည်မှာ ယခုဝေးစ်ကြိမ်သာလျှင် မဟုတ်ပေ။ တစ်ခါက လည်း အဘိုးကြီးသည် အိမ်နီးနားချင်းအိမ်တစ်အိမ်သို့ အလည်အပတ်သွားရာမှ အပြန်တွင် လမ်းပေါ်၌တွေ့ရသော မြင်းခွာအဟောင်းကြီး တစ်ခု ကောက်လာခဲ့သည်ကို တွေ့မြင်ခဲ့ရဖူး၏။ အိမ်တွင်းရှိ ဧည့်ခန်းသို့ သွားသော လမ်းကျဉ်းကလေးထဲတွင် သေတ္တာရှည်ကြီးတစ်လုံး ရှိလေသည်။ ထိုသေတ္တာကြီးမှာ အကန့်များခွဲထားရာ တစ်ကန့်မှာ ခပ်ကျယ်ကျယ်ဖြစ်၍ ကျန်အကန့်များမှာ ကျဉ်းမြောင်းလှပြီး စောက်နက်လှပေရာ အဝများကို ဘူးဆို့များပိတ်သလို ဆို့ပိတ်ထားသည်ကို တွေ့ရ၏။ အဘိုးကြီးသည် မြင်းခွာသံအဟောင်းကြီးကို ထိုသေတ္တာထဲတွင် ထည့်ထားလိုက်လေသည်။ ထိုမြင်းခွာသံအဟောင်းကြီးမှာ အဘိုးကြီးတစ်သက်တွင် အသုံးကျကောင်းမှ ကျပေလိမ့်မည်။ သို့သော် တစ်နေ့တွင် အသုံးကျကောင်း ကျလာပေလိမ့်မည်။ အသုံးမကျဟု မည်သူ ပြောနိုင်ပါမည်နည်း။ ထိုပစ္စည်းကို သိမ်းဆည်းထားရသဖြင့် မည်သို့ ထူး၍ ပင်ပန်းပါသနည်း။ တကယ်ဆိုတော့ ဖယိုဒေါ်မှာ အကြောင်းကိစ္စတစ်ခုရှိ၍ ပစ္စည်းတစ်ခုခုလိုပြီဆိုလျှင် အဘိုးကြီးထံသွား၍ တောင်းရသည်သာ ဖြစ်၏။ "အဖေ ဟောဒီပြတင်းပေါက်က ပတ္တာတစ်ဖက်က ချောင်နေလို့ အဲဒါ တစ်ခုခုနဲ့ လဲတပ်ချင်လို့" ဟူ၍လည်းကောင်း၊ "အဖေ သံချောင်း တစ်ချောင်းလောက် မရှိဘူးလား။ စတက်ရှာက မှန်တင်ခုံအောက်မှာ ခေတ်ပုံတစ်ခု ချိတ်ချင်လို့တဲ့" ဟူ၍လည်းကောင်း မကြာခဏ မေးရမြန်းရ တောင်းရသည်သာဖြစ်၏။ ထိုအခါမျိုးတွင် ပတ္တာတစ်ခုသည်လည်းကောင်း၊ သံတစ်ချောင်းသည်လည်းကောင်း အဘိုးကြီး၏ သေတ္တာကြီးထဲမှ ထွက်

mgyoe.com